# စက်မှုအလင်း ဂျာနယ်

# Beacon of Industry

Vol.2, No.15 - Aug 31, 2017 www.industry.gov.mm စက်မှုဝန်ကြီးဌာနမှထုတ်ဝေသည်။


## ဒုတိယအကြိမ် နိုင်ငံတကာနည်းပညာပြပွဲ ပြခန်းပေါင်း ၁၀၀ ကျော်ပါဝင်ပြသ

၄



## ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချို နှစ်နိုင်ငံရင်းနှီးမြှုပ်နှံမှုနှင့် စက်မှုလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေးဆိုင်ရာကိစ္စများဆွေးနွေးရန် ထိုင်းနိုင်ငံသို့သွားရောက်

၂




### Mini Hydro Turbine ထုတ်လုပ်နိုင်ရေး ဂျပန်ညှိအဖွဲ့နှင့်ဆွေးနွေး

၄



### နိုင်ငံတကာနည်းပညာပြပွဲတွင် စက်မှုသင်တန်းကျောင်းများ ဆုများရရှိ

၆





### Method-2 စက်ရုပ်ကြီး အမှန်တကယ် တွေ့မြင်ရပြီ

၁၃

### 'SMEs အရေး SMEs အတွေး'

'နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုတွင် အသေးစားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်မှုက အခရာကျသဖြင့် အဆိုပါလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရန် အားပေးမြှင့်တင်ခြင်းသည် ယနေ့အချိန်၌ လိုအပ်နေသော ကွက်လပ်တစ်ခုကို ဖြည့်ဆည်းပေးခြင်းပင်ဖြစ်သည်။'

၁

စက်မှုအလင်းဂျာနယ်
Beacon of Industry Journal

မျက်နှာဖုံးမှ-

# ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချို
## နှစ်နိုင်ငံရင်းနှီးမြှုပ်နှံမှုနှင့် စက်မှုလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေးဆိုင်ရာကိစ္စများဆွေးနွေးရန် ထိုင်းနိုင်ငံသို့သွားရောက်

စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချိုနှင့်အဖွဲ့သည် စက်ရုံများအား လေ့လာကြည့်ရှုရန်နှင့်နှစ်နိုင်ငံအကြား ရင်းနှီးမြှုပ်နှံမှုနှင့် စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေးဆိုင်ရာကိစ္စများ ဆွေးနွေးရန် ထိုင်းနိုင်ငံ စက်မှုဝန်ကြီးဌာနဝန်ကြီး Mr.Uttama Savanayana Ph.D. ၏ဖိတ်ကြားချက်အရ **ထိုင်းနိုင်ငံ၊ ဘန်ကောက်မြို့သို့ ဩဂုတ်လ ၁၉ ရက်နေ့မှ ၂၃ ရက်နေ့အထိ** သွားရောက်လေ့လာတွေ့ဆုံမှုများ ဆောင်ရွက်ခဲ့သည်။

ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချိုနှင့်အဖွဲ့ သွားရောက်လေ့လာခဲ့သည့်ခရီးစဉ်တစ်လျှောက်တွင် မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီး H.E. Mr. Jukr Boon-Long က လိုက်ပါရှင်းလင်းပြသခဲ့သည်။

ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဩဂုတ်လ ၁၉ ရက်နေ့တွင် **လျှပ်စစ်ဝါယာအမျိုးမျိုးနှင့် Underground Cable အမျိုးမျိုးထုတ်လုပ်လျက်ရှိသည့် Phelps Dodge International (Thailand) Ltd. ၏ Cable စက်ရုံသို့** လည်းကောင်း၊ ဩဂုတ်လ ၂၀ ရက်နေ့တွင် **SCG Cement Building Material စက်ရုံ၊ ဘိလပ်မြေကုန်ကြမ်းများဖြစ်သည့် ထုံးကျောက်နှင့် ဂျစ်(ပ်)ဆင်ကျောက်များအား Semi-open Pit Mining စနစ်ဖြင့် ထုတ်လုပ်သည့်လုပ်ငန်းခွင်သို့လည်းကောင်း၊ စက်ရုံဧရိယာအတွင်းရှိ 50 MW Solar Farm တို့အားလည်းကောင်း** သွားရောက်လေ့လာခဲ့သည်။ (ပုံ)



ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဩဂုတ်လ ၂၁ ရက်နေ့၊ နံနက်ပိုင်းတွင် **Bang-Pa-In,Ayutthaya province ရှိ Sunny Bangchak Solar Farm သို့ရောက်ရှိပြီး Inverter နှင့် Controller များအား Central Control Room မှ ထိန်းချုပ်ဆောင်ရွက်နေမှုများကို** ကြည့်ရှုလေ့လာခဲ့သည်။ မွန်းလွဲပိုင်းတွင် **Bangpoo Industrial Estate ရှိ Akkhie Prakarn Public Co., Ltd. မှ စီမံဆောင်ရွက်လျက်ရှိသည့် စက်မှုလုပ်ငန်းစွန့်ပစ်သန့်စင်ဗဟိုဌာန (Industrial Waste Management Center)** သို့ရောက်ရှိပြီး စက်မှုလုပ်ငန်းသုံး အညစ်အကြေးများအား သယ်ယူစုစည်းမှုစနစ်၊ လက်ခံစုစည်းမှုစနစ်၊ မီးရှို့ဖျက်ဆီးမှုစနစ်၊ ထွက်ပေါ်လာသည့်အခိုးအငွေ့များအား ပြန်လည်သန့်စင်သည့်စနစ်များကိုလည်းကောင်း၊ Thailand Automotive Institute တွင် Electric Vehicle (EV) များအား စံသတ်မှတ်နိုင်ရေး လေ့လာဆောင်ရွက်နေမှု (ပုံ)၊ မော်တော်ဆိုင်ကယ်နှင့် ဓာတ်ဆီ/ဒီဇယ်ဆီသုံး (Light Duty) ကားများမှ ပတ်ဝန်းကျင်ထိခိုက်စေသည့် ဓာတ်ငွေ့ထွက်ရှိမှုကိုစစ်ဆေး၍ စံသတ်မှတ်ခြင်းနှင့် မော်တော်ယာဉ်တာယာများအားစစ်ဆေး၍ စံသတ်မှတ်ခြင်း စသည့်လုပ်ငန်းများ လက်တွေ့ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုလေ့လာခဲ့သည်။





Industrial Waste Management Center အတွင်းကြည့်ရှုလေ့လာ။

ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဩဂုတ်လ ၂၂ ရက်နေ့တွင် Hemaraj Eastern Seaboard Industrial Estate ရှိ Waste Management Siam Ltd. (WMS) မှ ဆောင်ရွက်လျက်ရှိသည့် စက်မှုလုပ်ငန်းသုံး စွန့်ပစ်ပစ္စည်းများအား စနစ်တကျ ထိန်းချုပ်စွန့်ပစ်မှုဆောင်ရွက်နေမှုများကိုလည်းကောင်း၊ စက်မှုဇုန်အတွင်းရှိ ရေဆိုးသန့်စင်မှုစနစ်များကိုလည်းကောင်း၊ Samrongnua District ရှိ Recycle Engineering Co.,Ltd. မှ စက်မှုလုပ်ငန်းသုံး ဓာတုအညစ်အကြေးများ၊ သက်တမ်းလွန်ဓာတုဗေဒပစ္စည်းများ၊ ဓာတ်ခွဲခန်းသုံးစွန့်ပစ်ပစ္စည်းများ၊ ဆေးရုံသုံးစွန့်ပစ်ပစ္စည်းများ စသည်တို့ကိုပြန်လည်သန့်စင်ပြီး အသုံးပြုနိုင်သည်အထိဆောင်ရွက်နေမှုများကိုလည်းကောင်း၊ AMATA Nakorn Industrial Estate ရှိ AMATA Water နှင့် TESCO AQUA တို့ပူးပေါင်းအကောင်အထည်ဖော်ထားသည့် Wastewater Reclamation Plant ၏ လုပ်ငန်းဆောင်ရွက်မှုစနစ်များကို ကြည့်ရှုလေ့လာခဲ့သည်။



ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် Thai-Myanmar Business Council and Business Matching Unit တို့ဦးဆောင်၍ **Gateway to Myanmar Investment and State Enterprise Partnership ခေါင်းစဉ်ဖြင့် ကျင်းပသည့်အခမ်းအနားသို့ တက်ရောက်ခဲ့ပြီး** မြန်မာနိုင်ငံစက်မှုကဏ္ဍနှင့်ပတ်သက်၍ ရှေ့ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များကိုလည်းကောင်း၊ ထိုင်းစီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် လာရောက်ရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်းများနှင့်ပတ်သက်၍လည်းကောင်း ရှင်းလင်းဆွေးနွေးခဲ့သည်။(ပုံ)

ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဩဂုတ်လ ၂၃ ရက်နေ့၊ နံနက်ပိုင်းတွင် **The Thai Industrial Standards Institute သို့သွားရောက်ခဲ့ရာ** TISI မှ Secretary General, Mr.Pislt Rangsaritwutikut က TISI လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ သိရှိလိုသည်များကိုဆွေးနွေးခဲ့ပြီး ရုံးအဆောက်အဦ၏ပထမထပ်တွင် ခင်းကျင်းပြသထားသည့် TISI ၏သမိုင်းပြတိုက်အတွင်း လှည့်လည်ကြည့်ရှုပြီး ဧည့်သည်တော်မှတ်တမ်းတွင် လက်မှတ်ရေးထိုးခဲ့သည်။ ဆက်လက်၍ ဝန်ကြီးနှင့်အဖွဲ့သည် **Department of Industrial Promotion (DIP) သို့ရောက်ရှိခဲ့ပြီး** SMEs ဖွံ့ဖြိုးတိုးတက်ရေးအ

**စာမျက်နှာ ၃ သို့-**



SMEs ထုတ်ကုန်အရောင်းစင်တာအား လှည့်လည်ကြည့်ရှု။

မျက်နှာဖုံးမှ-

# ဒုတိယအကြိမ် နိုင်ငံတကာနည်းပညာပြပွဲ ပြခန်းပေါင်း ၁၀၀ ကျော်ပါဝင်ပြသ




အနာဂတ်တွင် မြန်မာနိုင်ငံ၏ စက်မှုနှင့်နည်းပညာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးရည်မှန်းချက်ဖြင့် စက်မှုဝန်ကြီးဌာနနှင့် Myanmar Promotional Services (MPS) Co.,Ltd တို့ပူးပေါင်းကျင်းပသည့် ဒုတိယအကြိမ် နိုင်ငံတကာနည်းပညာပြပွဲကို ဩဂုတ် လ ၂၅ ရက်နေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန-၂ (MICC-II) ၌ ကျင်းပသည်။

ဖွင့်ပွဲအခမ်းအနားသို့ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချို၊ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ပြပွဲတွင် ပါဝင်ပြသကြသည့် နိုင်ငံတကာနည်းပညာနှင့် စက်မှုကုမ္ပဏီများမှ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။



ရေစီးအားသုံးတာဘိုင်ပုံစံငယ်နမူနာဖြင့် လျှပ်စစ်ဓာတ်အားစမ်းသပ်ထုတ်လုပ်နေမှုကို ပြည်ထောင်စုဝန်ကြီးများ ကြည့်ရှုလေ့လာ။




ပြည်ထောင်စုဝန်ကြီးများနှင့် ဧည့်သည်တော်များ နည်းပညာပြပွဲအတွင်း လှည့်လည်ကြည့်ရှုစဉ်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးခင်မောင်ချို၊ ဒေါက်တာမျိုးသိမ်းကြီး၊ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း နာယက ပါမောက္ခ ဒေါက်တာစိန်မြင့်၊ ဝမင်းအုပ်စုကုမ္ပဏီ CEO ဦးနောင်ခွန်မြင့်ဝေနှင့် Myanmar Promotional Services (MPS) Co.,Ltd မှ Managing Director ဒေါက်တာဇာနည်မောင်မောင်တို့က ဒုတိယအကြိမ် နိုင်ငံတကာနည်းပညာပြပွဲကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ယင်းနောက်ပြည်ထောင်စုဝန်ကြီးများနှင့် ဧည့်သည်တော်များသည် မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာနမြေညီထပ်၌ ခင်းကျင်းပြသထားသော နိုင်ငံတကာမှ နည်းပညာနှင့်စက်မှုကုမ္ပဏီများနှင့် ဝန်ကြီးဌာနများ၏ စက်မှုနည်းပညာထုတ်ကုန်ပြခန်းများအား လှည့်လည်ကြည့်ရှုလေ့လာကြသည်။

ပြပွဲတွင် နိုင်ငံတကာမှနည်းပညာနှင့် စက်မှုကုမ္ပဏီများဖြစ်ကြသည့် Wamin Group Companies၊ Convenience Prosperity Co.,Ltd. ၊ King Royal Technologies Co.,Ltd.၊ VSK International Co.,Ltd. ၊ Naung Yoe Technology Co.,Ltd. ၊ Popular Plastic Co.,Ltd. ၊ Repassa Singapore Pte Ltd. ၊ Strength Business Group Co.,Ltd.၊ Capital Automotive Co.,Ltd. (Ford)၊ First Prime Co.,Ltd. ၊ Next Tier Trading Co.,Ltd.

စာမျက်နှာ ၄ သို့-

စာမျက်နှာ ၂ မှ-

တွက် ပံ့ပိုးဆောင်ရွက်ပေးနေမှုများကိုလည်းကောင်း၊ ဒေသတွင်း SMEs လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မြန်မာနိုင်ငံနှင့်ပူးပေါင်းဆောင်ရွက်သွားမည့် အစီအစဉ်များကိုရှင်းလင်းပြသပြီး အဆောက်အဦပထမထပ်တွင် ဖွင့်လှစ်ရောင်းချလျက်ရှိသည့် SMEs ထုတ်ကုန်အရောင်းစင်တာအား လှည့်လည်ကြည့်ရှုခဲ့သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချိုသည် ထိုင်းနိုင်ငံ စက်မှုဝန်ကြီးဌာန ဝန်ကြီး Dr.Uttama Savanayana နှင့် တွေ့ဆုံပြီး **နှစ်နိုင်ငံအကြားရင်းနှီးမြှုပ်နှံမှုနှင့် စက်မှုလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးအတွက်ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးဆိုင်ရာကိစ္စများကိုလည်းကောင်း၊ SMEs ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စများကိုလည်းကောင်း၊ သဘာဝပတ်ဝန်းကျင်နှင့် လူမှုဝန်းကျင်ကို အကျိုးပြုသည့် စက်မှုဆိုင်ရာစံချိန်စံညွှန်းများချမှတ်နိုင်ရေးကိစ္စများကိုလည်းကောင်း** ဆွေးနွေးခဲ့ပြီး (ပုံ) ညနေပိုင်းတွင် မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိခဲ့ကြောင်း သတင်းရရှိသည်။



နှစ်နိုင်ငံအကြား ရင်းနှီးမြှုပ်နှံမှုနှင့်စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဆွေးနွေး။

စက်မှုအလင်းဂျာနယ်
Beacon of Industry Journal

# ဝန်ထမ်းများ၏ စွမ်းဆောင်ရည်မြင့်မားစေရန် မော်တော်ယာဉ်ဆိုင်ရာနည်းပညာ အခြေခံသင်တန်းဖွင့်လှစ်ပို့ချ

စက်မှုဝန်ကြီးဌာနတွင် မော်တော်ယာဉ်နှင့်လယ်ယာသုံးစက်ပစ္စည်းများ ထုတ်လုပ်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးစုပေါင်းအဖွဲ့အား ဖွဲ့စည်းထားရှိပြီး အဆိုပါအဖွဲ့အနေဖြင့် စက်မှုဇုန်ထုတ်မော်တော်ယာဉ်များနှင့် SKD စနစ်ဖြင့် ပြည်တွင်း၌တပ်ဆင်ထုတ်လုပ်သည့် **ယာဉ်များအား စစ်ဆေးရာတွင် စနစ်တကျကျွမ်းကျင်စွာစစ်ဆေးပေးနိုင်ရန်နှင့် ဝန်ထမ်းများ၏ စွမ်းဆောင်ရည်မြင့်မားလာစေရန် ရည်ရွယ်၍** ဩဂုတ်လ ၁၆ ရက်နေ့မှ ၂၂ ရက်နေ့အထိ မော်တော်ယာဉ်ဆိုင်ရာနည်းပညာ အခြေခံသင်တန်းဖွင့်လှစ်ပို့ချခဲ့ရာ ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချိုကြည့်ရှုအားပေးခဲ့သည်။ (ပုံ)



အဆိုပါသင်တန်းအား နေ့စဉ်နံနက် ၉ နာရီခွဲမှ ညနေ ၄ နာရီအထိ စက်မှုဝန်ကြီးဌာန၊ ရုံးအမှတ် (၃၀) ၌ ဖွင့်လှစ်ခဲ့ခြင်းဖြစ်ပြီး Vehicle Specification and Regulation, Vehicle Active Safety, Vehicle Passive Safety, Vehicle Classis System, Engine Technology, Emission Regulation ဘာသာရပ်များကို မော်တော်ယာဉ်ဆိုင်ရာ ကျွမ်းကျင်သူ ပြင်ပပညာရှင်များဖြစ်သည့် TTAS Co.,Ltd (Toyota) မှ နည်းပြဆရာ ဦးဟန်ရှိန်နှင့် နည်းပညာအကြံပေးဆရာ ဦးအောင်ကျော်လင်းတို့က သင်ကြားပို့ချခဲ့သည်။

သင်တန်းကာလအတွင်း အမှတ် (၅) စက်မှုသင်တန်းကျောင်း (မကွေး) သို့ လက်တွေ့သွားရောက်လေ့လာသင်ကြားခဲ့ကြပြီး သင်တန်းသို့စက်မှုပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန၊ စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာနနှင့် အမှတ်(၁) နှင့် အမှတ် (၃) အကြီးစားစက်မှုလုပ်ငန်းတို့မှ သင်တန်းသား (၃၀) ဦး တက်ရောက်ခဲ့ကြကြောင်း သိရသည်။



သင်တန်းသားများ အမှတ် (၅) စက်မှုသင်တန်းကျောင်း (မကွေး) သို့ သွားရောက်လေ့လာကြစဉ်။

မျက်နှာဖုံးမှ-

## Mini Hydro Turbine ထုတ်လုပ်နိုင်ရေး ဂျပန်ဧည့်အဖွဲ့နှင့်ဆွေးနွေး

စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချိုသည် ဂျပန်နိုင်ငံ NAIKAI Electric Power Co.,Ltd. (NOVA Energy Co., Ltd.) ၏ Executive President Mr. Kiyomi Suzuki ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ဩဂုတ်လ ၂၄ ရက်နေ့၊ နံနက် ၉ နာရီခွဲက ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံခဲ့သည်။



ထိုသို့တွေ့ဆုံစဉ် **မြန်မာနိုင်ငံ၏ အဓိကလိုအပ်ချက်ဖြစ်သည့် လျှပ်စစ်စွမ်းအားကို တစ်ဖက်တစ်လမ်းမှဖြည့်ဆည်းပေးနိုင်ရန်ရည်ရွယ်၍ မြစ်ရေစီးအားသုံးတာဘိုင်များကို သထုံစက်မှုနယ်မြေမှအစပြု၍ စမ်းသပ်လည်ပတ်သွားရန်၊ ငါးပုံစံကဲ့သို့ Design ထုတ်ထားသော Propellor နှင့်ဆက်စပ်ပစ္စည်းများကို မြန်မာနိုင်ငံတွင် စက်မှုဝန်ကြီးဌာနနှင့်ပူးပေါင်းထုတ်လုပ်ရေးအတွက် MoU ရေးထိုးပြီးနောက် နည်းပညာအားလွှဲပြောင်းပေးနိုင်ရေး၊ Mini Hydro Turbine ထုတ်လုပ်နိုင်ရေးကိစ္စရပ်များကို ပူးပေါင်းဆောင်ရွက်ရန်ဆွေးနွေးခဲ့ကြသည်။**

ထို့နောက် နေ့လယ်ပိုင်းတွင် NOVA Energy Co.,Ltd. မှကိုယ်စားလှယ်အဖွဲ့သည် Turbine များပူးပေါင်းထုတ်လုပ်မည့် သာဂရစက်မှုနယ်မြေရှိ အကြီးစားစက်ရုံများသို့ သွားရောက်လေ့လာခဲ့သည်။

ဆက်လက်၍ တာဘိုင်စက်ရုံ၊ မြေတူးမြေကော်ယန္တရားထုတ်လုပ်ရေးစက်ရုံ၊ ဘက်စုံဒီဇယ်အင်ဂျင်ထုတ်လုပ်ရေးစက်ရုံတို့သို့ သွားရောက်လေ့လာပြီး ရိုးရှင်းလွယ်ကူ၍ ပြည်သူများတိုက်ရိုက်အသုံးပြုနိုင်မည့် စက်ပစ္စည်း၊ ယန္တရားများကို ဂျပန်နိုင်ငံမှ ပညာရှင်အဖွဲ့များစေလွှတ်၍ ပူးပေါင်းဆောင်ရွက်သွားရန် ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

စာမျက်နှာ ၃ မှ-

(Kyocera)၊ Concordia Co.,Ltd. (Fuji Xerox)၊ Hinode Co.,Ltd, Yadanar Kyaw Co.,Ltd. (Myanmar Hendrix)၊ Taiwan Trade Center ၊Gold Thurein Linn Co.,Ltd. ၊ HOGO/QNAP ၊GLC Technology Co.,Ltd. ၊ Myanmar Tatung Co.,Ltd. ၊ Gandamar O.A and Business Solutions ၊ Wen's Poenix Corpotation၊ MTDMS၊ UMG၊ Myanmar Star Global Distribution၊ စက်မှုဝန်ကြီးဌာနရှိ စက်မှုပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန၊ စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန၊ အကြီးစားစက်မှုလုပ်ငန်း အမှတ် (၁)၊ အမှတ် (၂)၊ အမှတ် (၃)၊ မြန်မာ့ဆေးဝါးလုပ်ငန်းတို့မှ ပြခန်းများအပါအဝင် ပြခန်းစုစုပေါင်း ၁၀၀ ကျော်က စက်မှုနည်းပညာထုတ်ကုန်များနှင့် လုပ်ငန်းများကိုခင်းကျင်းပြသထားသည်။

ထို့ပြင် နိုင်ငံတကာနည်းပညာပြပွဲတွင် နိုင်ငံသားများ၏နည်းပညာကို ဖော်ထုတ်မြေတောင်မြှောက်ပေးနိုင်ရန်အတွက် ဖန်တီးမှုစွမ်းရည်ပြိုင်ပွဲ Inventor Award ကို ထည့်သွင်းကျင်းပခဲ့ပြီး ဆုပေးပွဲကို ဩဂုတ်လ ၂၆ ရက်နေ့ မွန်းလွဲပိုင်းက အဆိုပါခန်းမ၌ကျင်းပခဲ့သည်။ ယင်းပြိုင်ပွဲတွင် ပြိုင်ပွဲအမျိုးအစားလေးမျိုးပါဝင်ပြီး ပြိုင်ပွဲအမျိုးအစားတစ်ခုချင်းစီအတွက် ပထမ၊ ဒုတိယ၊ တတိယဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

အဆိုပါ နိုင်ငံတကာနည်းပညာပြပွဲကို မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၂ ၌ ဩဂုတ်လ ၂၇ ရက်နေ့အထိ ခင်းကျင်းပြသသွားခဲ့ကြောင်းသိရသည်။

# စက်မှုလုပ်ငန်းများအတွက် Energy Efficiency Industrial Guideline ရေးဆွဲနိုင်ရေး Energy Efficiency and Conservation Workshop ကျင်းပ

စက်မှုဝန်ကြီးဌာန၊ စက်မှုပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာနရှိ စွမ်းအင်ခြိုးခြံချွေတာရေးဌာနသည် စွမ်းအင်အကျိုးရှိစွာ သုံးစွဲရေး လုပ်ငန်းများကို ထိထိရောက်ရောက် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်ရည်ရွယ်၍ ဥပဒေမူဘောင် တစ်ရပ် ပေါ်ထွက်လာရေးအတွက် ဂျပန်နိုင်ငံ၊ Ministry of Economy, Trade and Industry နှင့် Energy Conservation Center, Japan (ECCJ) တို့နှင့်ပူးပေါင်း၍ စွမ်းအင်အကျိုးရှိ ထိရောက်စွာသုံးစွဲရေးနှင့် ထိန်းသိမ်းရေးဥပဒေ (မူကြမ်း) ကို ရေးဆွဲလျက်ရှိပါသည်။ ယခုအခါ စတုတ္ထအကြိမ်မြောက် Energy Efficiency and Conservation Workshop ကို သက်ဆိုင်ရာဝန်ကြီးဌာနနှင့်အဖွဲ့အစည်းများမှ ဥပဒေပြုရေးလုပ်ငန်းကော်မတီတွင် ပါဝင်သော ကိုယ်စားလှယ်များအား ဖိတ်ကြား၍ ရုံးအမှတ် (၃၀)၊ နေပြည်တော်ရှိ အစည်းအဝေးခန်းမ၌ ဩဂုတ်လ ၂၂ ရက်နေ့မှ ၂၅ ရက်နေ့အထိ နေ့စဉ်နံနက် ၉ နာရီမှညနေ ၄ နာရီခွဲအထိ ကျင်းပခဲ့သည်။ အစည်းအဝေးတွင် ဥပဒေပြုရာ၌ ပါဝင်သည့်စက်မှုကဏ္ဍအတွက် အထောက်အကူပြုသော Energy Efficiency Industrial Guideline ရေးဆွဲနိုင်ရေးဆိုင်ရာ အခြေခံရမည့် အသေးစိတ်အချက်များကို ၃ ရက်ကြာ ဆွေးနွေးခဲ့သည်။ ဆွေးနွေးပွဲရလဒ်အဖြစ် Equipment (၅) မျိုးဖြစ်သော Transformers, Lighting, Air Conditioners, Boilers, Air Compressors များ အတွက် Industrial Energy Efficiency Guideline ရေးဆွဲရာ၌ ထည့်သွင်းမည့် Energy Efficiency Technical ပိုင်းဆိုင်ရာ အချက်အလက်များနှင့်ဆက်လက်ဆောင်ရွက်မည့် Time Schedule တို့အား အသေးစိတ်ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။




# ဆေးဝါးသုံးအရက်ပြန်ထုတ်လုပ်မှုနှင့်ပတ်သက်၍ အသိပညာပေးဟောပြော

စက်မှုဝန်ကြီးဌာန၊ မြန်မာ့ဆေးဝါးလုပ်ငန်းမှ ကြီးမှူးကျင်းပသော ဆေးဝါးသုံး အရက်ပြန်ထုတ်လုပ်မှုနှင့် ပတ်သက်၍ အသိပညာပေးဟောပြောပွဲကို ဩဂုတ်လ ၂၈ ရက်နေ့ နံနက်တွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ်၊ ၇ မိုင်၊ သလ္လာဝတီလမ်းရှိ SME ရုံး Incubation Centre ၌ ကျင်းပရာ မြန်မာ့ဆေးဝါးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးကိုကိုအောင်နှင့် တာဝန်ရှိသူများ၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ ဆေးဝါးထုတ်လုပ်ရေးဆိုင်ရာ လုပ်ငန်းရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဟောပြောပွဲတွင် မြန်မာ့ဆေးဝါးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးကိုကိုအောင်က 'ဆေးဝါးသုံးအရက်ပြန်အား WHO ၏ GMP Guide Line နှင့်အညီ စနစ်တကျ ထုတ်လုပ်ခြင်းကို သိရှိနားလည်ထုတ်လုပ်နိုင်ရန်အတွက် လိုအပ်သော အသိပညာများကို မြန်မာ့ဆေးဝါးလုပ်ငန်း၏ ဆေးဝါးစက်ရုံ (အင်းစိန်) BPI မှ ပညာရှင်များက အသိပညာပေးသွားမည်ဖြစ်ကြောင်း၊ အရက်ပြန်ထုတ်လုပ်သူ လုပ်ငန်းရှင်များအနေဖြင့် ယခုဟောပြောပို့ချမှုမှ ရရှိသည့် နည်းပညာပိုင်းဆိုင်ရာ အခြေခံလိုအပ်ချက်များအား ပြင်ဆင်ပြီးနောက် အမျိုးသားဆေးဝါးဥပဒေတွင် ဖော်ပြထားသည့်အတိုင်း အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာနသို့ အရက်ပြန်ထုတ်လုပ်ခွင့်လိုင်စင်လျှောက်ထားရန်ဖြစ်ကြောင်း' ပြောကြားသည်။

ဟောပြောပို့ချမှုအား (၂၈-၈-၂၀၁၇) ရက်နေ့မှ (၃၀-၈-၂၀၁၇) ရက်နေ့အထိ ၃ ရက်တိုင် ကျင်းပခဲ့ပြီး ကောင်းမွန်သောထုတ်လုပ်မှုကျင့်စဉ် GMP အရက်ပြန်ထုတ်လုပ်ပုံနည်းစဉ်အဆင့်ဆင့်၊ အသုံးပြုရမည့်ကုန်ကြမ်းနှင့် ထုပ်ပိုးပစ္စည်းဆိုင်ရာ စံချိန်စံညွှန်းများ၊ ဆေးဝါးသုံး အရက်ပြန်အတွက် စံချိန်စံညွှန်း အရည်အသွေးများနှင့် ဈေးကွက်အတွင်းတွေ့ရှိရသည့် အရက်ပြန်ထုတ်လုပ်မှုဆိုင်ရာ အားနည်းချက်များ စသည့်ဘာသာရပ်ဆိုင်ရာများ ဟောပြောပို့ချပြီး အလားတူ ဟောပြောပို့ချမှုအား မန္တလေးတိုင်းဒေသကြီးတွင်လည်း ဆက်လက်ကျင်းပသွားရန်ရှိကြောင်း သိရသည်။ ❑

# အာဆီယံ နှစ် (၅၀) ပြည့်အထိမ်းအမှတ် Smart Living Expo 2017 ဖွင့်လှစ်
# CGI စနစ်ဖြင့် ချေးငွေရရှိရေး ရှင်းလင်းဆွေးနွေး

စက်မှုဝန်ကြီးဌာန၊ စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန၊ အသေးစားနှင့်အလတ်စားလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးဌာနနှင့် Bagan Mart.com တို့ပူးပေါင်းပြီး **'အာဆီယံနှစ် (၅၀) ပြည့်အထိမ်းအမှတ်** Smart Living Expo 2017' ပြပွဲ ဖွင့်ပွဲအခမ်းအနားကို ဩဂုတ်လ ၁၁ ရက်နေ့ နံနက် ၉ နာရီတွင် ရန်ကုန်မြို့ရှိ တပ်မတော်ခန်းမ၌ ကျင်းပပြုလုပ်ခဲ့ရာ စက်မှုဝန်ကြီးဌာန၊ စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေး ဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဒေါ်အေးအေးဝင်း၊ UMFCCI မှ ဥက္ကဋ္ဌ ဦးဇော်မင်းဝင်း၊ Bagan Mart.com မှ တာဝန်ရှိသူများတက်ရောက်ဖွင့်လှစ်ပေးခဲ့ကြသည်။

ပြပွဲကာလအတွင်း စက်မှုဝန်ကြီးဌာန၊ SME ဖွံ့ဖြိုးတိုးတက်ရေးဌာနသည် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ မြန်မာ့အာမခံလုပ်ငန်း၊ Sumitomo Mitsui Banking Corporation (SMBC) နှင့် သမဝါယမဘဏ် (CB Bank) တို့ပူးပေါင်း၍ SME လုပ်ငန်းရှင်များအား **'CGI စနစ်ဖြင့်ချေးငွေရရှိနိုင်ရေး'** ဆွေးနွေးပွဲကို နံနက် ၁၀ နာရီခွဲမှ ၁၂ နာရီခွဲအထိ ကျင်းပပြုလုပ်ခဲ့ရာ ဆွေးနွေးပွဲတွင် စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဒေါ်အေးအေးဝင်းက အဖွင့်အမှာစကားပြောကြားခဲ့ပြီး SME ဖွံ့ဖြိုးတိုးတက်ရေးဌာန၊ ညွှန်ကြားရေးမှူး ဒေါ်ရီရီခိုင်က Activities for SME Financing ခေါင်းစဉ်ဖြင့်လည်းကောင်း၊ မြန်မာ့အာမခံလုပ်ငန်းမှ မန်နေဂျာ ဦးစောစိန်လင်းက Credit Guarantee Insurance in Myanmar ခေါင်းစဉ်ဖြင့်လည်းကောင်း၊ Sumitomo Mitsui Banking Corporation (SMBC) ၏ Vice President Mr. Kenichi Izumi က Improvement in Myanmar SME Finance Supported by SMBC ခေါင်းစဉ်ဖြင့်လည်းကောင်း၊ CB Bank မှ Head of Enterprise Banking ဖြစ်သူ U Saw Dino Ku က How to Prepare for CGI Loans ခေါင်းစဉ်ဖြင့်လည်းကောင်း ဆွေးနွေးခဲ့ကြသည်။ ဆွေးနွေးပွဲသို့ စက်မှုဝန်ကြီးဌာနမှ ဝန်ထမ်းများ၊ မြန်မာ့အာမခံလုပ်ငန်းမှ ဝန်ထမ်းများ၊ ဌာနဆိုင်ရာမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ CB Bank နှင့် ပုဂ္ဂလိကဘဏ်များမှ ဝန်ထမ်းများ၊ ပုဂ္ဂလိက အဖွဲ့အစည်းအသီးသီးမှ ကိုယ်စားလှယ်များ၊ SME လုပ်ငန်းရှင်များ စုစုပေါင်း ၁၀၀ ဦးခန့် တက်ရောက်ခဲ့ကြကြောင်းသိရသည်။ ❑

# ထူးချွန်စွာအောင်မြင်ခဲ့သည့် ကျောင်းသား/ကျောင်းသူများအား ဂုဏ်ပြုချီးမြှင့်

စက်မှုဝန်ကြီးဌာန၊ အမှတ် (၂) အကြီးစားစက်မှုလုပ်ငန်း၊ အမှတ် (၃၂) အကြီးစားစက်ရုံ (ကြခင်း) မှ ဝန်ထမ်းသားသမီးများ၏ ၂၀၁၆-၂၀၁၇ ခုပညာသင်နှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် ဂုဏ်ထူးဖြင့်ထူးချွန်စွာအောင်မြင်ခဲ့ကြသည့် ကျောင်းသား/ကျောင်းသူ ၁၂ ဦးတို့အား ဂုဏ်ပြုချီးမြှင့်ပွဲကို ဩဂုတ်လ ၁၅ ရက်နေ့၊ နေ့လယ် ၁ နာရီတွင် စက်ရုံအစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် စက်ရုံမှူး ဦးမြင့်နွယ်က အဖွင့်အမှာစကားပြောကြားပြီး၊ (၅) ဘာသာဂုဏ်ထူးရှင်နှစ်ဦးအား စက်ရုံမှူးကလည်းကောင်း၊ (၄) ဘာသာဂုဏ်ထူးရှင်တစ်ဦးနှင့် (၂) ဘာသာဂုဏ်ထူးရှင်သုံးဦးတို့အား ဒုတိယစက်ရုံမှူးများကလည်းကောင်း၊ (၁) ဘာသာဂုဏ်ထူးရှင် (၆) ဦးအား အခြေခံပညာအထက်တန်းကျောင်း (ချင်းမြောင်) ကျောင်းအုပ်ဆရာမကြီးကလည်းကောင်း ဆုများအသီးသီးချီးမြှင့်ခဲ့ကြောင်းသိရသည်။ **ကိုဇော်**

စက်မှုအလင်းဂျာနယ် Beacon of Industry Journal

## ‘စက်မှုနှင့်သက်မွေးပညာရွှေ့လျားသင်တန်း’ အမှတ်စဉ် (၄၇) သင်တန်းဆင်း

စက်မှုဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံစက်မှုကုန်ထုတ်လုပ်သူများအသင်းတို့ ပူးပေါင်း၍ ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံအရှေ့မြို့နယ်၊ ဒဂုံအရှေ့စက်မှုဇုန်တွင် အမှတ် (၁) စက်မှုသင်တန်းကျောင်း (ဆင်တဲ) မှတာဝန်ယူဆောင်ရွက်သော ‘စက်မှုနှင့်သက်မွေးပညာရွှေ့လျားသင်တန်း’ အမှတ်စဉ် (၄၇) သင်တန်းဆင်းပွဲအခမ်းအနားကို ဩဂုတ်လ ၂၀ ရက်နေ့ နံနက် ၉ နာရီတွင် ဒဂုံအရှေ့




စက်မှုဇုန်၊ စီမံခန့်ခွဲရေးရုံးအစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ခဲ့ရာ စက်မှုပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးစောအောင်က သင်တန်းဆင်းအမှာစကားပြောကြားပြီး အခြေခံဂဟေဆက်သင်တန်းမှ ထူးချွန်ဆုရရှိသူ ၃ ဦးကိုလည်းကောင်း၊ မြန်မာနိုင်ငံစက်မှုကုန်ထုတ်လုပ်သူများအသင်း ဒုတိယဥက္ကဋ္ဌ ဦးအေးထွန်းက အခြေခံဓာတ်ငွေ့သုံးဂဟေဆက်သင်တန်းမှ ထူးချွန်ဆုရရှိသူ ၃ ဦးကိုလည်းကောင်း ဆုများချီးမြှင့်၍ ရွှေပြည်သာစက်မှုဇုန် ဥက္ကဋ္ဌဦးအေးကိုနှင့် တောင်ဒဂုံ (၂) စက်မှုဇုန်ဥက္ကဋ္ဌ ဦးဝင်းနိုင်တို့က သင်တန်းဆင်းအောင်လက်မှတ်များချီးမြှင့်ပေးအပ်ကြသည်။

သင်တန်းဆင်းပွဲသို့ စက်မှုဇုန်များမှတာဝန်ရှိသူများ၊ ပုဂ္ဂလိကစက်ရုံပိုင်ရှင်များ၊ ဖိတ်ကြားထားသည့်ဧည့်သည်တော်များ၊ သင်တန်းကျောင်းကျောင်းအုပ်ကြီးနှင့် နည်းပြဆရာ/ဆရာမများ၊ သင်တန်းတက်ရောက်ကြသည့် သင်တန်းသား/သင်တန်းသူ ၇၂ ဦးတို့တက်ရောက်ခဲ့ကြပြီး သင်တန်းတွင် (၇. ၈. ၂၀၁၇) ရက်မှ (၂၀. ၈. ၂၀၁၇) ရက်နေ့အထိ **‘အခြေခံသံဂဟေဆက်ဘာသာရပ်’ နှင့် ‘အခြေခံဓာတ်ငွေ့သုံးဂဟေဆက်ဘာသာရပ်’** များကို သင်ကြားပို့ချခဲ့ကြောင်း သိရှိရသည်။

## ‘စက်မှုနှင့်သက်မွေးပညာရွှေ့လျားသင်တန်း’ အမှတ်စဉ် (၄၈) သင်တန်းဖွင့်

စက်မှုဝန်ကြီးဌာနနှင့် ပဲခူးတိုင်းဒေသကြီး၊ ကျောက်တံခါးမြို့နယ် ‘တစ်ရာစွမ်းအား’ ကျန်းမာရေးနှင့် ပညာရေးအထောက်အကူပြုအဖွဲ့နှင့်ပူးပေါင်းဖွင့်လှစ်သည့် ‘စက်မှုနှင့်သက်မွေးပညာရွှေ့လျားသင်တန်း’ အမှတ်စဉ် (၄၈) ဖွင့်ပွဲကို ဩဂုတ်လ ၁၄ ရက်နေ့ နံနက် ၉နာရီတွင် ပဲခူးတိုင်းဒေသကြီး၊ ကျောက်တံခါးမြို့နယ်၊ ပဲနွယ်ကုန်းမြို့ ‘တစ်ရာစွမ်းအား’ ကျန်းမာရေးနှင့်ပညာရေးအထောက်အကူပြုပရဟိတအသင်းရုံး၌ကျင်းပပြုလုပ်ခဲ့သည်။

အခမ်းအနားတွင် စက်မှုပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးညွှန့်ဟန်၊ ပဲခူးတိုင်းဒေသကြီး ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးကြည်ဇင်နှင့် ပညာရေးအထောက်အကူပြုအဖွဲ့ ဥက္ကဋ္ဌ ဦးသန်းဇော်တို့က သင်တန်းဖွင့်အမှာစကားများ ပြောကြားကြပြီး ‘တစ်ရာစွမ်းအား’ ကျန်းမာရေးနှင့်ပညာရေးအထောက်အကူပြုအဖွဲ့ အဖွဲ့ဝင် ဦးကျော်ဝင်းက ၎င်းတို့၏ တစ်ရာစွမ်းအားလုပ်ငန်းစဉ်များအားရှင်းလင်းတင်ပြသည်။ အခမ်းအနားသို့ ပဲခူးတိုင်းဒေသကြီး ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ၊ ‘တစ်ရာစွမ်းအား’ ကျန်းမာရေးနှင့် ပညာရေးအထောက်အကူပြုအဖွဲ့၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်ပညာရေးဦးစီးမှူးရုံးတို့မှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသောဧည့်သည်တော်များ၊ ကျောင်းအုပ်ကြီးနှင့် သင်တန်းကျောင်းမှ နည်းပြဆရာ/ဆရာမများ၊ သင်တန်းတက်ရောက်ကြမည့် သင်တန်းသား ၅၀ ဦးတို့ တက်ရောက်ခဲ့ကြသည်။

အဆိုပါသင်တန်းတွင် **‘အခြေခံလျှပ်စစ်ပညာဘာသာရပ်’** ကိုဩဂုတ်လ ၁၄ ရက်နေ့မှ ၂၅ ရက်နေ့အထိ ရက်သတ္တ ၂ ပတ်ကြာ သင်ကြားခဲ့ကြောင်းသိရှိရသည်။



## ‘စက်မှုနှင့်သက်မွေးပညာရွှေ့လျားသင်တန်း’ အမှတ်စဉ် (၄၉) သင်တန်းဖွင့်

မကွေးတိုင်းဒေသကြီး၊ ပွင့်ဖြူမြို့နယ်တွင် ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေး၊ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေး နှင့်အလုပ်အကိုင်အခွင့်အလမ်းများ တိုးပွားလာစေရေးတို့အတွက် ရည်ရွယ်လျက် **‘စက်မှုနှင့်သက်မွေးပညာရွှေ့လျားသင်တန်း’** အမှတ်စဉ် (၄၉) သင်တန်းဖွင့်ပွဲအခမ်းအနားကို ဩဂုတ်လ ၁၈ ရက်နေ့ နံနက် ၉ နာရီတွင် မကွေးတိုင်းဒေသကြီး၊ ပွင့်ဖြူမြို့နယ်၊ အုပ်ချုပ်ရေးမှူးရုံး၌ ကျင်းပပြုလုပ်ခဲ့သည်။

အခမ်းအနားတွင် မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာနဝန်ကြီး ဦးနေမျိုးကျော်က သင်တန်းဖွင့်အမှာစကားကိုလည်းကောင်း၊ စက်မှုပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးစောမှတ်ကျော်က သင်တန်းဖွင့်မိန့်ခွန်းကိုလည်းကောင်းပြောကြားခဲ့သည်။ အခမ်းအနားသို့ မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်နှင့်တာဝန်ရှိသူများ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးနှင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဖိတ်ကြားထားသောဧည့်သည်တော်များ၊ ကျောင်းအုပ်ကြီးနှင့် သင်တန်းကျောင်းမှ နည်းပြဆရာ/ဆရာမများ၊ သင်တန်းသား ၄၈ ဦးတက်ရောက်ခဲ့ကြသည်။

အဆိုပါသင်တန်းတွင် (၁၈-၈-၂၀၁၇) ရက်နေ့မှ (၁-၉-၂၀၁၇) ရက်နေ့အထိ **‘စိုက်ပျိုးရေးသုံးအင်ဂျင်နှင့်မော်တော်ဆိုင်ကယ်ပြုပြင်ထိန်းသိမ်းခြင်းဘာသာရပ်’** ကို ရက်သတ္တ ၂ ပတ်ကြာ သင်ကြားပို့ချပေးမည်ဖြစ်ကြောင်းသိရှိရသည်။






မျက်နှာဖုံးမှ-

## ဒုတိယအကြိမ်ကျင်းပသည့် နိုင်ငံတကာနည်းပညာပြပွဲတွင် စက်မှုသင်တန်းကျောင်းများ ဆုများရရှိ

စက်မှုဝန်ကြီးဌာနနှင့် Myanmar Promotional Services (MPS) Co.,Ltd. တို့ပူးပေါင်း၍ ဒုတိယအကြိမ် နိုင်ငံတကာနည်းပညာပြပွဲကို ဩဂုတ်လ ၂၅ ရက်နေ့မှ ၂၇ ရက်နေ့အထိ နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန-၂ တွင် ကျင်းပပြုလုပ်ခဲ့သည်။

အဆိုပါပြပွဲတွင် နိုင်ငံသားများ၏နည်းပညာကို မြေတောင်မြှောက်ပေးနိုင်ရန်အတွက် ဖန်တီးမှုစွမ်းရည်ပြိုင်ပွဲကိုပါ ထည့်သွင်းကျင်းပခဲ့ရာ Entry Level Technical School ပြိုင်ပွဲတွင် အမှတ် (၆) စက်မှုသင်တန်းကျောင်း (မြင်းခြံ) က Avbor ဖြင့် ပထမ၊ အမှတ် (၃) စက်မှုသင်တန်းကျောင်း (သာဂရ) က Bench Vice ဖြင့် ဒုတိယ၊ အစိုးရနည်းပညာအထက်တန်းကျောင်း (နေပြည်တော်) က Ice Mountain ဖြင့် တတိယ အသီးသီးရရှိခဲ့ကြသည်။

နှစ်သိမ့်ဆုများအဖြစ် အမှတ် (၁) စက်မှုသင်တန်းကျောင်း (ဆင်တဲ)၊ အမှတ် (၆) စက်မှုသင်တန်းကျောင်း (မြင်းခြံ)၊ အမှတ် (၃) စက်မှုသင်တန်းကျောင်း (သာဂရ) နှင့်အစိုးရနည်းပညာအထက်တန်းကျောင်း (ဘားအံ) တို့က အသီးသီးရရှိကြသည်။

ပြိုင်ပွဲကို အလွတ်တန်းအဆင့်၊ Senior Level၊ Junior Level နှင့် Entry Level ဟူ၍ လေးမျိုးခွဲခြားကျင်းပခဲ့ရာ နည်းပညာတက္ကသိုလ်နှင့်ကောလိပ်များ၊ အစိုးရနည်းပညာအထက်တန်းကျောင်းများနှင့် စက်မှုသင်တန်းကျောင်းများက ပါဝင်ယှဉ်ပြိုင်ခဲ့ကြကြောင်း သိရသည်။ ❑

# ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချို အင်္ဂလန်နိုင်ငံဥပဒေအကြံပေးအဖွဲ့အား လက်ခံတွေ့ဆုံ



စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချိုသည် အင်္ဂလန်နိုင်ငံအခြေစိုက် Berwin Leighton Paisner (BLP) ဥပဒေအကြံပေးအဖွဲ့အား ဩဂုတ်လ ၁၆ ရက်နေ့ နေ့လယ် ၁ နာရီခွဲတွင် စက်မှုဝန်ကြီးဌာန၊ ရုံးအမှတ် (၃၀)၊ အစည်းအဝေးခန်းမ၌ လက်ခံတွေ့ဆုံခဲ့သည်။

ထိုသို့တွေ့ဆုံစဉ် Berwin Leighton Paisner (BLP) ဥပဒေအကြံပေးအဖွဲ့၏ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ်ဖြစ်သူ Mr. Christ Hughes က မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်နေပုံ၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ တိုးတက်လာစေရေးအတွက် ဆောင်ရွက်သင့်သည့်အကြံပြုချက်များ၊ အတွေ့အကြုံများကို ရှင်းလင်းပြောကြားပြီး စီးပွားရေးစာချုပ်များချုပ်ဆိုရာတွင် အလေးထားစဉ်းစားသင့်သည့်အချက်များ၊ အဓိကပါဝင်သင့်သည့် အထောက်အထားစာရွက်စာတမ်းများလိုအပ်ပုံ၊ ဌာန/အဖွဲ့အစည်းများတွင် ဥပဒေရေးရာကိစ္စရပ်များကို စိစစ်ရန်၊ စီးပွားရေးစာချုပ်များချုပ်ဆိုရာတွင် ဥပဒေရှုထောင့်မှအကြံပေးရန် ဥပဒေရေးရာဌာနများ ထည့်သွင်းဖွဲ့စည်းရန်၊ ဥပဒေကြမ်းများရေးဆွဲခြင်းလုပ်ငန်းများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် BLP ဥပဒေအကြံပေးအဖွဲ့၏ တာဝန်ရှိသူများက စီမံကိန်းများ အကောင်အထည်ဖော်ရာတွင် လိုက်နာဆောင်ရွက်သင့်သည့် တင်ဒါလုပ်ထုံးလုပ်နည်းနှင့်လုပ်ငန်းစဉ်များအကြောင်း၊ Joint Venture Model (JV) အမျိုးမျိုးနှင့် JV ပုံစံဖြင့် ဖက်စပ်လုပ်ငန်းများစာချုပ်ချုပ်ဆိုရာတွင် ထည့်သွင်းစဉ်းစားရမည့်ဥပဒေနှင့်စည်းမျဉ်းစည်းကမ်းများအကြောင်း၊ နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများ ပြုပြင်ပြောင်းလဲခြင်းနှင့် စီမံခန့်ခွဲခြင်းအကြောင်းတို့ကို ဥပဒေရေးရာရှုထောင့်မှအသီးသီးတင်ပြခဲ့ရာ ပြည်ထောင်စုဝန်ကြီးက ယခုကဲ့သို့ လာရောက်တင်ပြဆွေးနွေးပေးသည့်အတွက် များစွာကျေးဇူးတင်ဝမ်းမြောက်ကြောင်း၊ ယခုဆွေးနွေးတင်ပြမှုများသည် စီမံကိန်းသစ်များအကောင်အထည်ဖော်ရာတွင် များစွာအထောက်အကူပြုကြောင်း၊ ဆက်လက်ဆောင်ရွက်မည့် စီမံကိန်းများတွင်လည်း အကူအညီပေးစေလိုကြောင်း၊ ယခင်ချုပ်ဆိုခဲ့သောစာချုပ်များတွင် သေချာစွာစိစစ်ဆောင်ရွက်နိုင်ခဲ့ခြင်းမရှိသည့်အတွက် အားနည်းချက်များစွာရှိခဲ့ကြောင်း၊ ယင်းစာချုပ်များအား ပြန်လည်သုံးသပ်ပြီး ချို့ယွင်းအားနည်းချက်များအား ကုစားနိုင်မည့်နည်းလမ်းများကို အကြံပြုပေးစေလိုကြောင်းပြောကြားပြီး နိုင်ငံပိုင်စက်ရုံများအား အစိုးရ-ပုဂ္ဂလိက အကျိုးတူပူးပေါင်းဆောင်ရွက်ခြင်း (Public-Private- Partnership-PPP) လုပ်ငန်းများနှင့် စီမံကိန်းလုပ်ငန်းသစ်များ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ပြီးပြည့်စုံသောစာချုပ်များ ချုပ်ဆိုဆောင်ရွက်နိုင်ရေးအတွက် Expression of Interest- EoI ခေါ်ယူခြင်း၊ တင်ဒါခေါ်ယူခြင်းနှင့် တင်ဒါစိစစ်ရွေးချယ်ခြင်း စသည့်စီမံကိန်းဆိုင်ရာဝန်ဆောင်မှုလုပ်ငန်းများကို ပူးပေါင်းဆောင်ရွက်သွားရန်နှင့် ဝန်ထမ်းများအား ဥပဒေရေးရာကိစ္စရပ်များတွင် စွမ်းဆောင်ရည်မြှင့်တင်ရေးအတွက် ပူးပေါင်းဆောင်ရွက်မည့်အစီအစဉ်များကို ဆွေးနွေးခဲ့ကြကြောင်းသတင်းရရှိသည်။

❑

## ဝန်ထမ်းများနှင့်ညွှန်ကြားရေးမှူးချုပ် တွေ့ဆုံ သက်ပြည့်အငြိမ်းစားသွားရောက်မည့် အရာထမ်းအား ဂုဏ်ပြုနှုတ်ဆက်

စက်မှုဝန်ကြီးဌာန၊ စက်မှုပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဦးကိုကိုတင်သည် ဩဂုတ်လ ၂၉ ရက်နေ့ နေ့လယ် ၁၂ နာရီတွင် ဝန်ကြီးဌာနအစည်းအဝေးခန်းမ၌ ဦးစီးဌာနမှဝန်ထမ်းများနှင့် တွေ့ဆုံအမှာစကားပြောကြားသည်။

ယင်းသို့တွေ့ဆုံရာ၌ ညွှန်ကြားရေးမှူးချုပ်က ဦးစီးဌာနအနေဖြင့် ဆောင်ရွက်ပြီး၊ ဆောင်ရွက်ဆဲ၊ ဆောင်ရွက်မည့်လုပ်ငန်းအစီအမံများ အားရှင်းလင်းပြောကြားပြီး ဝန်ထမ်းများအနေဖြင့် တစ်ဦးချင်းကိုယ်ရည်ကိုယ်သွေးမြင့်မားလာစေရန် ဖတ်၊ မှတ်လေ့ကျင့်ပျိုးထောင်ကြရန်လိုကြောင်း၊ လုပ်ငန်းတာဝန်အပေါ် အဂတိကင်း၍ စေတနာသန့်ရှင်းစွာထမ်းဆောင်ကြရမှာဖြစ်ကြောင်း မှာကြားပြီး ဝန်ထမ်းများ၏တင်ပြချက်အပေါ် ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် စက်မှုပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန၊ ငွေစာရင်းဌာနမှ ဝန်ထမ်းသက် (၃၆) နှစ်ဖြင့် သက်ပြည့်အငြိမ်းစားသွားရောက်မည့် ညွှန်ကြားရေးမှူး ဒေါ်ပပဝင်းအား နှုတ်ဆက်ဂုဏ်ပြုစကားပြောကြားပြီး အမှတ်တရလက်ဆောင်ပေးအပ်ခဲ့ကြောင်းသိရသည်။




## BPI ၏ (၂၆) ဆိုင်မြောက် ဆေးဝါးအရောင်းဆိုင် ပုသိမ်မြို့တွင် ထပ်မံဖွင့်လှစ်

စက်မှုဝန်ကြီးဌာန၊ မြန်မာ့ဆေးဝါးလုပ်ငန်း၊ ဆေးဝါးစက်ရုံ (အင်းစိန်) BPI ၏ (၂၆) ဆိုင်မြောက်ဆေးဝါးအရောင်းဆိုင်ကို ဩဂုတ်လ ၂၈ ရက်နေ့ နံနက်တွင် ပုသိမ်မြို့၊ (၁၃) ရပ်ကွက်၊ အဝေးပြေးကုန်တင်ယာဉ်ရပ်နားစခန်းဝန်းဘေး၊ မဥ္ဇုလမ်း၊ အမှတ် (၅၂) တွင် ထပ်မံဖွင့်လှစ်လိုက်သည်။

'ကျွန်တော်တို့မြို့မှာ အခုလို BPI ဆေးဝါးအရောင်းဆိုင် လာဖွင့်ပေးတာကျေးဇူးတင်တယ်။ ကျွန်တော်တို့ငယ်စဉ်ကတည်းက အားကိုးအားထားပြုခဲ့ရတဲ့ဆေးက BPI ထုတ်ဆေးဝါးတွေပါ' ဟု ဆေးဝယ်လာသူ အငြိမ်းစားဝန်ထမ်း ဦးလှမိုးကပြောသည်။




'ကျွန်မတို့ BPI က အခုဆို နှစ် (၆၀) သက်တမ်းပြည့်ပါပြီ။ သက်တမ်းတစ်လျှောက် ပြည်သူတွေကျန်းမာရေးအတွက် အာနိသင်ရှိတဲ့ဆေးဝါးတွေထုတ်လုပ်ခဲ့ပြီး အခုလည်း ဈေးနှုန်းချိုသာတဲ့၊ အစွမ်းထက်တဲ့ စံချိန်မီဆေးဝါးတွေထုတ်နေဆဲပါ။ ပြည်သူတွေအနေနဲ့ ဆေးဝါးအတုရန်က ကင်းဝေးပြီး စစ်မှန်၊ ဈေးနှုန်းမှန်တဲ့ဆေးဝါးတွေ လွတ်လပ်လွယ်ကူစွာ ဝယ်ယူနိုင်ဖို့ ပြည်နယ်နဲ့တိုင်းဒေသကြီးရဲ့မြို့ကြီးတွေမှာ အခုလိုဆေးဝါးအရောင်းဆိုင်တွေ ဖွင့်ခဲ့တာ ဒီဆိုင်က (၂၆) ဆိုင်မြောက်ပါ' ဟု အရောင်းတာဝန်ခံ ဒေါ်မြင့်မြင့်သန်းက ပြောသည်။

မြန်မာ့ဆေးဝါးလုပ်ငန်း၊ ဆေးဝါးစက်ရုံ (အင်းစိန်) BPI မှ ဆေးပြား၊ ဆေးရည်၊ ဆေးမှုန့်၊ လိမ်းဆေး၊ ထိုးဆေး၊ သွေးကြောသွင်းဆေးရည်နှင့် ကာကွယ်ကုသဆေး၊ အဆိပ်ဖြေဆေးများ၊ စုစုပေါင်း ဆေးအမျိုးအစား ၁၈၀ ကျော် ထုတ်လုပ်ပေးလျက်ရှိကြောင်းသိရသည်။

ကျော်လှိုင် (ဟသ်ာတ)

မျက်နှာဖုံးမှ-

# ‘SMEs အရေး SMEs အတွေး’

မြန်မာနိုင်ငံတွင် အကြီးစား၊ အလတ်စားနှင့်အသေးစား စက်မှုလုပ်ငန်းများသည် စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန၏စက်မှုလုပ်ငန်းမှတ်ပုံတင်စာရင်းအရ လေးသောင်းကျော်ရှိသည့်အနက် အများစုသည် အိမ်တွင်းမှုလုပ်ငန်းများနှင့် အသေးစား၊ အလတ်စား စီးပွားရေးလုပ်ငန်းများသာဖြစ်ကြပြီး ပြည်တွင်းထုတ်ကုန်အများစုမှာလည်း မိရိုးဖလာလုပ်ငန်းများကိုသာ အခြေခံထားကြောင်းလေ့လာသိရှိရသည်။

**နိုင်ငံတော်၏စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုတွင် အသေးစားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်မှုက အခရာကျသဖြင့် အဆိုပါလုပ်ငန်းများဖွံ့ဖြိုးတိုးတက်လာစေရန် အားပေးမြှင့်တင်ခြင်းသည် ယနေ့အချိန်၌ လိုအပ်နေသောကွက်လပ်တစ်ခုကို ဖြည့်ဆည်းပေးခြင်းပင်ဖြစ်သည်။**

အသေးစားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများ၏ Focal Ministry အဖြစ် စက်မှုဝန်ကြီးဌာန၊ စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနသည် အသေးစားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများ ဈေးကွက်အတွင်းယှဉ်ပြိုင်နိုင်စွမ်းရှိသည့် အရည်အသွေးမီထုတ်ကုန်များ ထုတ်လုပ်နိုင်ရေးအတွက် နည်းပညာမျှဝေခြင်း၊ အရင်းအနှီးအတွက် လိုအပ်သည့်ချေးငွေရရှိရေးဆောင်ရွက်ပေးခြင်း၊ နိုင်ငံတကာဈေးကွက်ဝင်ထုတ်ကုန်များ ထုတ်လုပ်နိုင်ရေးအတွက် ပြည်တွင်းပြည်ပအကူအညီများနှင့် ချိတ်ဆက်ဆောင်ရွက်ပေးခြင်းတို့ဖြင့် အဆိုပါလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန် အားပေးမြှင့်တင်ပေးလျက်ရှိသည်ကိုလည်း သတိပြုမိသည်။

မကြာသေးမီက စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာနနှင့် ဂျာမနီနိုင်ငံ GIZ အဖွဲ့တို့ပူးပေါင်း၍ **‘မိရိုးဖလာလုပ်ငန်းမှသည် ခေတ်မီလုပ်ငန်းများဆီသို့ (Traditional SMEs to Smart SMEs)’** ခေါင်းစဉ်ဖြင့် ဆွေးနွေးဟောပြောပွဲတစ်ခု ရန်ကုန်မြို့၌ ကျင်းပခဲ့ကြောင်းကြားသိခဲ့ရသည်။ မိရိုးဖလာလုပ်ငန်းများကို ခေတ်မီနည်းပညာထပ်ပေါင်း၍ ဈေးကွက်ဝင်တန်ဖိုးမြှင့်ထုတ်ကုန်များ ထုတ်လုပ်သွားနိုင်ရေး မျှော်မှန်းလုပ်ဆောင်ချက်တစ်ခုအဖြစ် နားလည်မိသည်။

လက်ရှိအခြေအနေ၌ စားသောက်ကုန်အခြေခံလုပ်ငန်းငယ်များဖြစ်သည့် မုန့်ဖတ်ခြောက်ထုတ်လုပ်ခြင်း၊ ဆပ်ပြာထုတ်လုပ်ခြင်း၊ အုန်းသီးဂျယ်လီ၊ ပိန္နဲသီးခြောက်၊ ဟင်းသီးဟင်းရွက်ခတ်မှုန့်၊ သရက်သီးမှ Value Added ထုတ်လုပ်ခြင်း၊ ခေါက်ဆွဲ၊ ပဲနို့၊ ဆားချောထုတ်လုပ်ခြင်း၊ အုန်းသီးခွံဖြင့် အနုပညာလက်ရာမြောက် ပစ္စည်းအမျိုးမျိုးထုတ်လုပ်ခြင်း၊ စိုက်ပျိုးရေးလုပ်ငန်းများဖြစ်သည့် လက်ဖက်၊ ကော်ဖီ၊ စပျစ်၊ ခရမ်းချဉ်၊ အာလူး၊ ကြက်သွန်စိုက်ပျိုးခြင်းမှသည် ဆန်စပါးနှင့်ဆီထွက်သီးနှံများ စိုက်ပျိုးထုတ်လုပ်ခြင်း၊ စက်မှုလုပ်ငန်းငယ်များဖြစ်သည့် သံရည်သွန်းလောင်းပုံသွင်းခြင်း၊ အသေးစားအင်ဂျင်ပြုပြင်ခြင်း၊ စဉ့်ထည်ပစ္စည်းများထုတ်လုပ်ခြင်းအထိ ထုတ်လုပ်မှုနည်းစဉ်တစ်လျှောက်သက်ဆိုင်ရာအဖွဲ့အစည်းများနှင့်ပေါင်းစပ်လျက် နည်းပညာမျှဝေလွှဲပြောင်းပေးလျက်ရှိကြောင်း မြင်တွေ့ကြားသိနေရသည်။

ထို့အပြင် ဂျာမနီနိုင်ငံ GIZ အဖွဲ့နှင့်ပူးပေါင်း၍ လက်ဖက်ခြောက်ထုတ်လုပ်မှုနည်းပညာရယူပြီး ရှမ်းပြည်နယ်၊ ပင်းတယရှိ ရွာငံအပါအဝင် ရွာ (၅) ရွာမှထွက်ရှိသော လက်ဖက်ခြောက်များကို ဂျာမနီနိုင်ငံဈေးကွက်သို့တင်ပို့ခြင်းဖြင့် ပြည်ပဈေးကွက်အတွက် အလားအလာရှိသောလုပ်ငန်းများကို တွန်းအားဖြစ်စေခဲ့သည်။

✍ **မောင်စိန်ဝင်း (ညောင်ခါးရှည်)**

မြန်မာနိုင်ငံသည် အိမ်တွင်းမှုလုပ်ငန်းများ၊ အသေးစားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများအတွက် အလားအလာရှိသော အရင်းအမြစ်များစွာရှိထားပြီးဖြစ်ရာ အဆိုပါအရင်းအမြစ်များအနက် **‘ဝါး’** ပင်ကို မျက်စိကျမိသည်။

ကမ္ဘာပေါ်တွင် ‘ဝါး’ ပင်အမျိုးအစားမည်မျှရှိသည်ကိုတော့ ပညာရှင်မဟုတ်၍ မစေ့ငုမိ။ မြန်မာနိုင်ငံ၌ ဝါးမျိုးရင်း (၂၂) မျိုးနှင့် မျိုးစိတ် (၁၂၀) ကျော်ရှိသည်။ ဝါးပင်နှင့်ဝါးမှထုတ်ကုန်များက မြန်မာလူမျိုးတို့နှင့်မစိမ်းလှ။ မြန်မာလူမျိုးတို့၏ လူနေမှုဘဝ၌ ‘ဝါး’ သည် ရှေးမဆွကတည်းကပင် အရေးပါခဲ့သကဲ့သို့ မျက်မှောက်ကာလ၌လည်း အရေးပါနေပြီးအနာဂတ်




တွင်လည်း ဆက်၍အရေးပါနေဦးမည်က သေချာသည်။

‘ဝါး’ တစ်ပင်လုံး၏ အသုံးဝင်တန်ဖိုးကမသေးလှ။ ‘အစ်ကိုကြီး အိမ်ရာပြီး၏။ အစ်ကိုလတ် နှီးနွယ်တတ်၏။ ညီငယ်ထွေးဟင်းချိုကျွေး၏’ ဟူ၍ မြန်မာလူမျိုးတို့၏ နိစ္စဓူဝစားရေး၊ ဝတ်ရေး၊ နေထိုင်ရေး အရေး (၃) ပါးတွင် ‘ဝါး’ က တစ်နည်းမဟုတ် တစ်နည်းပါဝင်အသုံးတော်ခံနေမှုကို ရှေးလူကြီးသူမများက စာချိုးခဲ့ကြခြင်းဖြစ်သည်။

‘ဝါး’ ပင်ပေါက်နုနုကို ‘မျှစ်’ အဖြစ် မြန်မာလူမျိုးတိုင်းခုံမင်နှစ်သက်စွာစားသုံးကြသည်။ ဝါးရွက်ကိုပြာချ၍ ဟင်းခတ်ဆားအဖြစ်သုံးနိုင်သည်။ ဝါးပြာက သွားများကိုဖြူဖွေးခိုင်မာစေသည့်အတွက် သွားတိုက်ဆေးအဖြစ်အသုံးပြုနိုင်သည်။ မြန်မာ့တိုင်းရင်းဆေးကျမ်းများအလိုအရ ဝါးရွက်သည် အမျိုးသမီးများသားအိမ်ကို အထူးအကျိုးပြုကြောင်း၊ သားအိမ်၏ တွန့်ရှုံ့စေသောသဘောကို စွမ်းဆောင်နိုင်သည့်အာနိသင်ရှိကြောင်း မှတ်သားမိသည်။ ဝါးရွက်သတ္တုရည်က အဆုတ်အအေးမိချောင်းဆိုးခြင်းကို သက်သာစေသည်။

ဝါးအသီးက အားဖြစ်စေသည်။ သလိပ်၊ သည်းခြေရောဂါနှင့်အဆိပ်သင့်နာတို့ကို ပျောက်ကင်းစေသည်။ အားအင်ကုန်ခမ်းခြင်း၊ ပန်းနာရင်ကြပ်ဖြစ်ခြင်း၊ ချောင်းဆိုးခြင်း၊ သွေးသားဖောက်ပြန်ခြင်းတို့အတွက် ဝါးအသီးက အစွမ်းထက်ကြောင်း တိုင်းရင်းဆေးကျမ်းက ဖွင့်ဆိုမှုပြုသည်။

တင်း၊ တောင်း၊ ဆန်ကော၊ ဆန်ကာ၊ ဖျာ၊ ခမောက်၊ မြှုံး၊ အုပ်ဆောင်း၊ ယင်းလိပ်စသည့် လူ့အသုံးအဆောင်ပစ္စည်းအမျိုးမျိုးအပြင် တည်ဆောက်ရေးလုပ်ငန်းများတွင်လည်း ဝါးနှင့်လွတ်ကင်းသည်မရှိ။ ဝါးနှင့်နေအိမ် ဆောက်နိုင်သည်။ အထပ်မြင့်တိုက်တာအဆောက်အဦများ၊ စေတီပုထိုးများတည်ဆောက်ရာ၌ ငြမ်းအဖြစ်ဝါးကိုသုံးရသည်။ ယွန်းထည်အမျိုးမျိုး၊ ယပ်တောင်၊ နှီးသပိတ်၊ နှီးဘုရားများအထိ ဘာသာရေး၊ သာသနာရေးဆိုင်ရာများ၊ ဝါးပုလွေ၊ ဝါးပတ္တလား စသည့်အနုသုခမပစ္စည်းများတွင်လည်း ဝါးက သူမပါလျှင်မပြီးဖြစ်၍နေသည်။

ထို့အပြင် ဝါးပင်၏အေးမြသောအရိပ်အာဝါသနှင့် ရှင်သန်ပေါက်ရောက်မှုအနေအထားတို့ကလည်း သဘာဝပတ်ဝန်းကျင်ကို အကျိုးပြုပြန်သည်။ မြန်မာမှုနယ်ပယ်တွင် သစ်အဖျား၊ ဝါးအရင်းသုံးမရ ပြောလေ့ရှိတတ်ကြသည်။ သဘာဝပတ်ဝန်းကျင်ကိုထိန်းသိမ်းပြီး သစ်ဝါးရှားပါးလာသော မျက်မှောက်ကာလ၌ သစ်အဖျားကလည်း အသုံးဝင်လာသလို၊ ဝါးအရင်းပိုင်းများဖြင့် ပြုလုပ်ထားသည့် လက်မှုပစ္စည်းများကလည်း ပြည်ပခရီးသွားများကို ဆွဲဆောင်ရာဈေးကွက်ဝင်ပစ္စည်းများ ဖြစ်လာနေပြီဖြစ်သည်။ မွန်ပြည်နယ် ကျိုက်ထီးရိုးဘုရားတွင် ဝါးဖြင့်ပြုလုပ်ထားသည့် ကလေးကစားစရာ၊ ပုသိမ်ထီး၊ သေနတ်၊ ဓါး၊ ပုလွေ၊ မြွေ စသည်တို့ကို အိမ်တွင်းမှုလုပ်ငန်းများအနေဖြင့် ပြုလုပ်ရောင်းချနေသည်။

အင်ဒိုနီးရှား၊ မလေးရှားနိုင်ငံတို့က ဝါးအရင်းပိုင်းများကို လက်မှုပညာနှင့်ပေါင်းစပ်ကာ အရုပ်မျိုးစုံပြုလုပ်၍ ပြည်ပခရီးသွားဧည့်သည်များကို ရောင်းချခြင်း၊ အရှေ့အလယ်ပိုင်းနိုင်ငံများရှိ တည်ဆောက်ရေးလုပ်ငန်းများတွင် အသုံးပြုရန် ဝါးအလုံးလိုက်တင်ပို့ရောင်းချခြင်းတို့ဖြင့် နိုင်ငံခြားဝင်ငွေရရှိနေကြပြီဖြစ်ကြောင်းလည်း သတင်းစာမျက်နှာများ၌ အားကျဖွယ်ဖတ်မှတ်သိရှိရသည်။

အိမ်တွင်းမှုလုပ်ငန်းများမှသည် အသေးစားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများအထိ အသုံးဝင်များပြားလှသော ဝါးထုတ်ကုန်များအား နည်းပညာ၊ အတတ်ပညာနှင့်ငွေကြေးအရင်းအနှီးများပံ့ပိုးလျက် ဖွံ့ဖြိုးတိုးတက်သောစီးပွားရေးလုပ်ငန်းတစ်ရပ်အသွင်ဖြစ်ပေါ်လာရေး အလေးပေးဆောင်ရွက်သင့်သည်ဟု ယူဆမိသည်။ တီထွင်ဖန်တီးဆန်းသစ်မှုနှင့် ယှဉ်ပြိုင်နိုင်မှုစွမ်းရည်များ မြင့်မားတိုးတက်လာစေရန် ဆောင်ရွက်ခြင်းဖြင့်လည်း အလုပ်အကိုင်အခွင့်အလမ်းများ ပေါ်ထွန်းလာ၍ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်သာဖြစ်သည်။ မိရိုးဖလာလုပ်ငန်းမှသည် ခေတ်မီလုပ်ငန်းများဆီသို့ ချီတက်ရာလမ်းကြောင်း ဖြောင့်စင်းမှန်ကန်ပါစေကြောင်း ရည်သန်မိပါသည်။ ❑



## အခြေခံလျှပ်စစ်ကျွမ်းကျင်မှုရွှေ့လျားသင်တန်း အမှတ်စဉ် (၂/၂၀၁၇) သင်တန်းဆင်း

စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာနမှကြီးမှူး၍ မကွေးတိုင်းဒေသကြီး၊ မကွေးမြို့ ပြည်သူ့ဝန်ဆောင်မှုရုံး (OSS) တွင် အခြေခံလျှပ်စစ်ကျွမ်းကျင်မှု ရွှေ့လျားသင်တန်းအမှတ်စဉ် (၂/၂၀၁၇) ကို ဩဂုတ်လ ၁ ရက်နေ့မှ ၂၅ ရက်နေ့အထိ ရက်သတ္တ ၄ ပတ်ကြာ ဖွင့်လှစ်ခဲ့ပြီးဖြစ်သည်။

သင်တန်းဆင်းပွဲအခမ်းအနားကို ဩဂုတ်လ ၂၅ ရက်နေ့ နံနက် ၉ နာရီတွင် သင်တန်းခန်းမ၌ ကျင်းပပြုလုပ်ခဲ့ပြီး မကွေးတိုင်းဒေသကြီး အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီး ဦးနေမျိုးကျော်နှင့်စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးစိုးမိုးကျော်တို့က သင်တန်းဆင်းအမှာစကားပြောကြားခဲ့သည်။

ယင်းအခမ်းအနားသို့ တိုင်းဒေသကြီးဝန်ကြီးများ၊ တိုင်းဒေသကြီးအဆင့်ဌာနဆိုင်ရာအကြီးအကဲများ၊ စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ လျှပ်စစ်စစ်ဆေးရေးဌာနမှ ညွှန်ကြားရေးမှူး၊ မကွေးတိုင်းဒေသကြီး စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာနမှ အရာထမ်း၊ အမှုထမ်းများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ၊ သင်တန်းဆရာ/ဆရာမများနှင့် သင်တန်းသား/သင်တန်းသူများ တက်ရောက်ခဲ့ကြသည်။

သင်တန်းတွင် မကွေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင် (၅) ခရိုင်မှသင်တန်းသား ၄၈ ဦးနှင့်သင်တန်းသူ ၁ ဦး၊ စုစုပေါင်း သင်တန်းသား/သင်တန်းသူ ၄၉ ဦးတို့တက်ရောက်ခဲ့ပြီး စာတွေ့လက်တွေ့သင်ကြားပို့ချမှုများကို စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန (လျှပ်စစ်စစ်ဆေးရေး) မှ သင်တန်းနည်းပြ ၈ ဦးနှင့် အခြားဌာနဆိုင်ရာများနှင့် အဖွဲ့အစည်းများမှ သင်တန်းနည်းပြ ၃ ဦးတို့မှလည်း လျှပ်စစ်နှင့်ပတ်သက်သောအသိပညာများကို ဆွေးနွေးသင်ကြားပို့ချပေးခဲ့ခြင်းဖြစ်သည်။



သင်တန်းဆင်းပွဲ၌ မကွေးတိုင်းဒေသကြီး အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီး ဦးနေမျိုးကျော်၊ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီး ဦးမြင့်ဇော်နှင့် စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးစိုးမိုးကျော်တို့က ဆုရရှိသော သင်တန်းသား ၃ ဦးတို့အား ဆုများချီးမြှင့်ခဲ့ပြီး လျှပ်စစ်စစ်ဆေးရေး၊ ညွှန်ကြားရေးမှူး ဦးခင်ရွှေက သင်တန်းသားကိုယ်စားလှယ်တစ်ဦးထံ သင်တန်းဆင်းလက်မှတ်များပေးအပ်ခဲ့သည်။

ကျေးလက်နေပြည်သူများ၏ လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေး၊ လူနေမှုအဆင့်အတန်းမြင့်မားရေး၊ အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်လာစေရေး၊ တည်ဆောက်ပြီးသောဓာတ်အားလိုင်းများအား ထိန်းသိမ်းဆောင်ရွက်နိုင်ရေးနှင့် လျှပ်စစ်အသုံးပြုသောလုပ်ငန်းများ ဆောင်ရွက်ရာတွင် ဘေးအန္တရာယ်ကင်းရှင်းစွာဆောင်ရွက်နိုင်ရေးတို့ကို ရည်ရွယ်၍ သင်တန်းကို ဖွင့်လှစ်သင်ကြားပေးခြင်းဖြစ်ကြောင်း သိရှိရသည်။

## ရွှေဘုံသာ ပစ္စည်းဟောင်းဈေးတန်း ကမ်းနားလမ်းညဈေးတန်းသို့ ပြောင်းရွှေ့ရန်စီစဉ်

ရန်ကုန်မြို့ ရွှေဘုံသာလမ်း ပစ္စည်းဟောင်းရောင်းသောဈေးတန်းကို ဩဂုတ်လ ၁၅ ရက်နေ့ကစတင်ပြီးကမ်းနားလမ်း ညဈေးတန်းကို အုပ်စုလိုက်ခွဲပြီး ပြောင်းရွှေ့ဖို့ စီစဉ်နေကြောင်းသိရသည်။

ပန်းဘဲတန်း ရပ်ကွက်အုပ်ချုပ်ရေးမှူးက 'ဒီအဟောင်းဈေးတန်းရဲ့ သက်တမ်းအနှစ် ၂၀ လောက်ရှိပြီး တော့ဘိန်းစားတန်းလို့ အရပ်စကားအလွယ်ခေါ်ကြပေမယ့် မလိုချင်တဲ့ပစ္စည်းဟောင်းတွေရောင်းတဲ့နေရာ လိုချင်တဲ့ပစ္စည်းတွေ ပြန်ရှာဝယ်တဲ့နေရာလို့ပဲ သုံးချင်တယ်။ အခုချိန်ကတော့ စိစစ်နေတုန်းပါ။ စည်ပင်နဲ့ တိုင်းဒေသကြီးအစိုးရ ညွှန်ကြားချက်ရရင် ထုတ်ပြန်သွားပါ့မယ်။ ဈေးသည်အများစုကတော့ ပြောင်းဖို့ကို သဘောတူကြပါတယ်' ဟု ပြောကြားခဲ့သည်။



အဟောင်းဈေးပြောင်းရွှေ့မည့် အစီအစဉ်နှင့်ပတ်သက်၍ဈေးသည်တစ်ဦးက 'အခုလိုပြောင်းမှာ ကောင်းပါတယ်။ စာလည်း ထုတ်ထားတယ်။ ဒါပေမယ့် အုပ်စုတွေခွဲရင်တော့ ဆိုင်ခန်းနဲ့ရောင်းမယ့်သူတွေ၊ ပုံကျရောင်းမယ့်သူတွေကို သေချာအစီအစဉ်မချရင်တော့ နောက်ဆက်တွဲပြဿနာရှိနိုင်တယ်။ လိုချင်တာတော့ အားလုံးဆိုင်ခန်းလိုချင်တာပေါ့။ ဒါပေမယ့် အကုန်လုံးပရမ်းပတာချပေးရင်လည်း နစ်နာမှုတွေရှိနိုင်တယ်' ဟု ပြောကြားခဲ့သည်။

အဆိုပါ ရွှေဘုံသာလမ်း အဟောင်းဈေးတန်းသည် ညနေဘက်များတွင် ဈေးရောင်းဈေးဝယ်များနှင့်စည်ကားခြင်းကြောင့် လမ်းပိတ်ဆို့မှုများလည်း ဖြစ်နေသည့်အတွက် ယခုလိုရွှေ့ပြောင်းဖို့စီစဉ်ရခြင်းဖြစ်ပြီး အသစ်ပြောင်းရွှေ့မည့် ညဈေးတန်းနေရာ၌ စည်းကမ်းတကျ သတ်မှတ်ရောင်းချနိုင်အောင်စီစဉ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **အောင်ပိုင်မျိုး**

## အသေးစား၊ အလတ်စားလုပ်ငန်းကဏ္ဍများ ဖွံ့ဖြိုးတိုးတက်စေရေးဆွေးနွေး

အစိုးရနှင့်ပုဂ္ဂလိက အဖွဲ့အစည်းများ ပူးပေါင်းဆောင်ရွက်ခြင်းအားဖြင့် အသေးစားနှင့်အလတ်စားလုပ်ငန်းကဏ္ဍများ ဘက်စုံဖွံ့ဖြိုးတိုးတက်စေရေးဆွေးနွေးပွဲကို ဩဂုတ်လ ၂၂ ရက်နေ့ နံနက် ၉ နာရီတွင် မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ လမ်း ၃၀ နှင့်လမ်း ၇၀ ထောင့်ရှိ မြန်မာနိုင်ငံဆရာဝန်အသင်း (မန္တလေး) မြန်နန္ဒာခန်းမ၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်က အဖွင့်အမှာစကားပြောကြားကာ မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီး Mr. Jukr Boon Long နှင့် KASIKORN ဘဏ်မှ ဒုတိယဥက္ကဋ္ဌ Mr. Pattanapong Tansomboon တို့က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် စီးပွားရေးကော်မတီအဖွဲ့ဝင် ဦးမျိုးမြင့်က မြန်မာနိုင်ငံ၏အသေးစား၊ အလတ်စားစီးပွားရေးလုပ်ငန်းများအကြောင်း မိတ်ဆက်ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ပညာရေးကွန်ယက်ညှိနှိုင်းရေးမှူး ဦးကျော်ဝဏ္ဏက မျက်မှောက်ခေတ်မြန်မာနိုင်ငံ၏ အသေးစား၊ အလတ်စားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်မှုအခြေအနေကိုလည်းကောင်း၊ နည်းပညာနှင့်မူဝါဒပိုင်းဆိုင်ရာ အကြီးတန်းသုတေသီ ဦးမင်းဇာနည်က မန္တလေးတိုင်းဒေသကြီးအတွင်း အသေးစားနှင့်အလတ်စားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍနှင့် စိန်ခေါ်မှုများကိုလည်းကောင်း၊ ထိုင်းနိုင်ငံဘဏ်သုတေသနဌာန ဒုတိယစီမံခန့်ခွဲမှုဒါရိုက်တာ Dr.Pimonwan Mahujichariya-wong က ထိုင်းနိုင်ငံ၏ SME ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းအကြောင်းကိုလည်းကောင်း၊ ထိုင်းနိုင်ငံအသေးစား၊ အလတ်စားစီးပွားရေးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ် Mrs.Palarin Yamchinda က SME လုပ်ငန်းများ ဆင့်ကဲတိုးတက်မှုကိုလည်းကောင်း၊ အောင်မြင်သောအသေးစား၊ အလတ်စားလုပ်ငန်းများအတွက် ဘဏ်ဝန်ဆောင်မှုများကိုလည်းကောင်း ဆွေးနွေးတင်ပြသည်။

ဆွေးနွေးပွဲတွင် ထိုင်းနိုင်ငံ၏ အသေးစား၊ အလတ်စားလုပ်ငန်းများ ပြုပြင်ပြောင်းလဲဆောင်ရွက်ရာတွင် ကြုံတွေ့ရသည့်အခက်အခဲများ၊ စိန်ခေါ်မှုများ၊ ဆင့်ကဲတိုးတက်ပြောင်းလဲမှုများအား အမြင်ခြင်းဖလှယ် မျှဝေဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**သီဟကိုကို (မန္တလေး)**

## စာမူနှင့်သတင်းများ ဖိတ်ခေါ်ပါသည်

စက်မှုအလင်းဂျာနယ်တွင် ထည့်သွင်းဖော်ပြနိုင်ရန်အတွက် နည်းပညာဆိုင်ရာဆောင်းပါးများ၊ ထုတ်လုပ်မှုလုပ်ငန်း အတွေ့အကြုံများ၊ နည်းပညာဆိုင်ရာ သတင်းများ၊ သုတ၊ ရသ၊ ဆောင်းပါး၊ ကဗျာ၊ ကာတွန်း၊ ဟာသစာမူများ၊ ကြော်ငြာများနှင့်စက်ရုံနယ်မြေအလိုက် သတင်းများ၊ သတင်းဓာတ်ပုံများကို ဂျာနယ်တိုက်သို့လည်းကောင်း၊ beaconofindustry@gmail.com သို့လည်းကောင်း ပေးပို့နိုင်ကြောင်းဖိတ်ခေါ်အပ်ပါသည်။ စာမူများပေးပို့ရာတွင် ကိုယ်တိုင်ရေး စာမူဖြစ်ကြောင်း၊ ပုံနှိပ်ဖော်ပြဖူးခြင်းမရှိကြောင်းဝန်ခံချက်နှင့်အတူ အမည်ရင်း၊ ကလောင်အမည်၊ မှတ်ပုံတင်အမှတ်၊ ဆက်သွယ်ရန်ဖုန်းနှင့် လိပ်စာတို့ကို ဖော်ပြပေးပို့သွားကြရန် မေတ္တာရပ်ခံအပ်ပါသည်။

စက်မှုအလင်းဂျာနယ်

## မြန်မာနိုင်ငံ မသန်စွမ်းသူများ၏ အခွင့်အရေးဆိုင်ရာအစီရင်ခံစာ ကုလသမဂ္ဂထံ တင်သွင်းသွားမည်

မြန်မာနိုင်ငံမသန်စွမ်းသူများ အသင်းချုပ်က မသန်စွမ်းသူများ အခွင့်အရေးဆိုင်ရာ အစီရင်ခံစာကို ကမ္ဘာ့ကုလသမဂ္ဂထံ ယခုနှစ်မကုန်မီ ဒီဇင်ဘာလအတွင်း တင်သွင်းသွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံ မသန်းစွမ်းသူများအသင်းချုပ် ဥက္ကဋ္ဌ ဦးအောင်ကိုမြင့်၏ ပြောကြားချက် အရသိရသည်။

ကမ္ဘာ့ကုလသမဂ္ဂ၏ မသန်စွမ်းသူအခွင့်အရေးများဆိုင်ရာ သဘောတူစာချုပ်တွင် မြန်မာနိုင်ငံအနေဖြင့် လက်မှတ်ထိုးထားပြီးဖြစ်ကာ နိုင်ငံတော်အဆင့်အစီရင်ခံစာကို တင်သွင်းပြီးဖြစ်သော်လည်း မသန်စွမ်းသူများဘက်ကတင်သွင်းမည့် အစီရင်ခံစာကိုပြုစုနေဆဲဖြစ်ကြောင်း သိရသည်။ မြန်မာနိုင်ငံ မသန်စွမ်းသူများအသင်းချုပ် ဥက္ကဋ္ဌ ဦးအောင်ကိုမြင့်က 'အဲဒီအစီရင်ခံစာမှာ မသန်စွမ်းတွေရဲ့ သဘောထားအမြင်တွေ နိုင်ငံတော်အစိုးရက သဘောတူစာချုပ်လက်မှတ်ရေးထိုးထားခဲ့တဲ့ သဘောတူညီချက်တွေအရ လုပ်ပေးခဲ့တဲ့အရာတွေ၊ လိုအပ်ချက်တွေကို ထောက်ပြသွားမယ့် အစီရင်ခံစာဖြစ်ပါတယ်' ဟု ပြောကြားခဲ့သည်။

လက်ရှိ အဆိုပါအစီရင်ခံစာကို အချောသတ်ရေးဆွဲနေပြီး လာမည့်နှစ် ဂျနီဗာမြို့ကို သွားရောက်ကာ အစီရင်ခံစာကို ဖတ်ကြားပါဝင်ဆွေးနွေးဖို့ အစီအစဉ်ရှိကြောင်းသိရသည်။

မြန်မာနိုင်ငံအနေဖြင့် ၂၀၁၄ ခုနှစ်တွင် မြန်မာနိုင်ငံမသန်စွမ်းသူများကောင်စီကို စတင်ဖွဲ့စည်းခဲ့ခြင်းဖြစ်ပြီး ၂၀၁၅ ခုနှစ်တွင် အတည်ပြုပြဋ္ဌာန်းခဲ့သော မသန်စွမ်းသူများအခွင့်အရေးဥပဒေအရ မြန်မာနိုင်ငံမသန်စွမ်းသူများကောင်စီက မြန်မာနိုင်ငံမသန်စွမ်း သူများအသင်းချုပ်အဖြစ် ၂၀၁၆ ခုနှစ်၊ မတ်လ ၃၀ ရက်နေ့က အမည်ပြောင်းလဲဖွဲ့စည်းခဲ့ခြင်းဖြစ်ကြောင်းသိရသည်။

မြင့်မြတ်အောင်မြင်

စက်မှုအလင်းဂျာနယ်
Beacon of Industry Journal

အကြံပေး
ဒေါ်တင်တင်ထူး

စာတည်းမှူးချုပ်
ဦးကျော်လှိုင်

မျက်နှာဖုံးနှင့် အတွင်းဒီဇိုင်း
ဦးဟိန်းမင်းဇော

စာမျက်နှာအပြင်အဆင်
ဒေါ်ခင်ဌေးဝင်း၊ ဒေါ်ခင်သီတာမိုး

ဖြန့်ချိရေးနှင့်ပြင်ပဆက်ဆံရေး
ဦးအောင်ကြည်၊ ဦးမင်းထွဏ်းဦး

ထုတ်ဝေသူ
ဦးအောင်စိုးရ
ထုတ်ဝေခြင်းလုပ်ငန်း
အသိအမှတ်ပြုလက်မှတ်အမှတ် – ၀၀၅၀၁

ပုံနှိပ်သူ/ပုံနှိပ်တိုက်
ဦးမောင်မောင်လှ
ရွှေနိုင်ငံ (၀၀၂၉၆)
ရန်ကုန်မြို့
စောင်ရေ ၄၄၅၀

ဂျာနယ်တိုက်လိပ်စာ
ရုံးအမှတ် (၃၀)
စက်မှုဝန်ကြီးဌာန
နေပြည်တော်
ဖုန်း – ၀၆၇ – ၄၀၅၀၅၇
၀၁ – ၂၅၀၆၅၁

E-mail
beaconofindustry@gmail.com

## သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းဖို့ သစ်တောသစ်ပင် စိုက်ပျိုးထိန်းသိမ်းစို့

## Mobil အင်ဂျင်ဝိုင်သုံးစွဲသူ Customer များအား ကံထူးရှင်ရွေးချယ်၍ ဆုများချီးမြှင့်မည်

မင်းထွဏ်း

အမေရိကန်အခြေစိုက် ကမ္ဘာ့အကြီးဆုံးရေနံ Exxon Mobil ၏ ထုတ်ကုန်တစ်မျိုးဖြစ်သော Mobil Lubricants ကို မြန်မာပြည်၏တစ်ဦးတည်းကိုယ်စားလှယ် MJL & AKT Petroleum Co.,Ltd. က ပြည်တွင်းဈေးကွက်သို့ ဖြန့်ချိရောင်းချလျက်ရှိရာ Mobil အင်ဂျင်ဝိုင်အား အစဉ်တစိုက်ဝယ်ယူအားပေးကြသော customer များအား ကျေးဇူးတုန့်ပြန်သောအားဖြင့် ကံစမ်းခွင့်ရရှိမည့် Promotion အစီအစဉ်အား စာနယ်ဇင်းမီဒီယာမှတစ်ဆင့် အသိပေးမိတ်ဆက်ပွဲကို ဩဂုတ်လ ၁၆ ရက်နေ့၊ နေ့လယ် ၂ နာရီက ရန်ကုန်မြို့၊ Novotel Hotel တွင်ကျင်းပခဲ့သည်။

'Mobil 1, Mobil Super, Mobil Delvac' အင်ဂျင်ဝိုင် ၄ လီတာ၊ ၅ လီတာ၊ ၂၀ လီတာ၊ ၂၀၈ လီတာ တစ်ဗူးဝယ်ယူသူတိုင်း ပါဝင်ကံစမ်းခွင့်ရရှိမည်ဖြစ်ပြီး ပုံးတွင်ပါဝင်သည့် Lucky Draw ကူပွန်တွင် အချက်အလက်များဖြည့်စွက်၍ မိမိဝယ်ယူထားသည့်ဆိုင် (သို့) စာတိုက်သေတ္တာအမှတ် (၁၀၄၆) သို့ ပေးပို့ကံစမ်းနိုင်ကြောင်း၊ Promotion ကာလကို ဩဂုတ်လ ၁၄ ရက်နေ့မှ ဒီဇင်ဘာလ ၁၅ ရက်နေ့အထိ ၄ လခန့်သတ်မှတ်ထားရှိပြီး ကံထူးရှင်များရွေးချယ်ပွဲကို ပွင့်လင်းမြင်သာစွာ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကုမ္ပဏီ၏ဦးဆောင်ညွှန်ကြားရေးမှူး ဦးပြည်စုံက ပြောကြားသည်။




အဆိုပါ ကံထူးရှင်ရွေးချယ်ပွဲတွင် Winner Prize ဆုအဖြစ် TOYOTA Vios Brand New ကားသစ်ကြီးတစ်စီးအပြင် ရွှေသားမဲများအနေဖြင့် ပထမဆုရွှေတစ်ကျပ်သား၊ ဒုတိယဆုရွှေငါးမူးသား ၄ ဆု၊ တတိယဆု ရွှေတစ်မတ်သား ၈ ဆုတို့အား ပေးအပ်ချီးမြှင့်သွားမည်ဖြစ်၍ အသေးစိတ်သိရှိလိုပါက အမှတ် 4 (A) မေခလမ်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၇၉၉၇၉၉၈၀၁ နှင့် Hotline No. ၀၉-၇၉၉၇၉၉၈၀၆၊ ၀၉-၇၉၉၇၉၉၈၀၇ တို့သို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်းသိရသည်။

# မောင်းနေတဲ့ယာဉ်များ၏အန္တရာယ် အနီးအဝေး

✍ စိန်ထွန်း (ကမြိုင်)

တစ်ခါတုန်းက ကမ္ဘာပေါ်ရှိလူသားအားလုံး တညီတညွတ်တည်း ဆန္ဒပြမှုကြီးတစ်ရပ်ပေါ်ပေါက်ခဲ့ဖူးသတဲ့။ သူတို့ရဲ့တောင်းဆိုချက်ကတော့ Law of Gravitation (ကမ္ဘာ့ဆွဲငင်အားနိယာမ) ဆိုတာကြီးကို ဖျက်သိမ်းပေးဖို့ပါပဲတဲ့။ ဘာကြောင့်လဲဆိုတော့ ကုန်ပစ္စည်းတွေသယ်ရတာ လေးတဲ့ဒုက္ခ၊ အမြင့်ကိုရေတင်ရတာတို့၊ ပစ္စည်းတင်တာတို့ ခက်ခဲပင်ပန်းတဲ့ဒုက္ခ၊ လေယာဉ်တွေ၊ အာကာသယာဉ်တွေ တက်ရဆင်းရတာခက်ခဲတဲ့ဒုက္ခ။ ဒါတွေဟာ ကမ္ဘာ့ဆွဲငင်အားကြီးရှိနေလို့ပါတဲ့။ ဒါကြောင့်မို့ အဲဒါကြီးကိုဖျက်သိမ်းပေးဖို့ တောင်းဆိုပါသတဲ့။

ဒါနဲ့ပဲ လောကကြီးကိုဖန်တီးတဲ့ တန်ခိုးရှင်ကြီးဟာ သဘောတူလိုက်လျှောပြီး ကမ္ဘာ့ဆွဲငင်အားနိယာမကြီးကိုဖျက်သိမ်းကြောင်း ကြေညာချက်မှာလက်မှတ်ထိုးလိုက်သတဲ့။

အဲသလို သူလက်မှတ်လည်းထိုးလိုက်ရော ကမ္ဘာကြီးတစ်ခုလုံး ကသောင်းကနင်းတွေဖြစ်ကုန်ရောတဲ့။ အဆိုးဆုံးကတော့ လူတွေ၊ တိရစ္ဆာန်တွေ၊ သက်မဲ့ပစ္စည်းတွေ၊ အကုန်လုံးအာကာသထဲကို လွင့်ပျံသွားကြတာပဲပေါ့။

အဲဒါဘာကြောင့်လဲဆိုတော့ တခြားနိယာမတစ်ခုဖြစ်တဲ့ Law of Inertia (အင်နားရှားနိယာမ) ဆိုတာ ရှိသေးတယ်တဲ့။ ကမ္ဘာ့ဆွဲငင်အားကြီးမရှိတော့တဲ့အခါမှာ အဲဒီအင်နားရှားဆိုတဲ့နိယာမကြောင့် လူတွေ၊ ပစ္စည်းတွေ အာကာသထဲ လွင့်ကုန်ကြတာတဲ့။

ဒီနေရာမှာ အင်နားရှားဆိုတာဘာလဲလို့ ရှင်းဖို့တော့ နည်းနည်းလိုတာပေါ့။ အင်နားရှားနိယာမက ဒီလိုဆိုထားပါတယ်။

**‘လောက၌ အရာဝတ္ထုတိုင်းဟာ ရပ်နေရင်လည်း ရပ်မြဲတိုင်း ရပ်နေတဲ့သဘောရှိတယ်တဲ့။ ရွေ့နေတဲ့အရာဝတ္ထုတိုင်းဟာလည်း ရွေ့မြဲအတိုင်း ရွေ့နေတဲ့သဘောရှိတယ်တဲ့။ ပြင်ပကနေပြီး တစ်စုံတစ်ရာသက်ရောက်မှုမရှိဘူးဆိုရင်ပေါ့လေ။’**

ကမ္ဘာပေါ်မှာရှိသမျှ အရာဝတ္ထုတွေဟာ ကမ္ဘာကြီးလည်နေတဲ့ အရှိန်အတိုင်း သူတို့လည်း အဲဒီအရှိန်နဲ့လိုက်ပြီးလည်နေကြတာ အဲဒီနိယာမအတိုင်းပါပဲ။ ဒါပေမဲ့ ကမ္ဘာကြီးဆွဲထားတဲ့အားကြောင့် အရှိန်နဲ့လွင့်မသွားကြတာတဲ့။ ကမ္ဘာ့ဆွဲငင်အားလည်းမရှိရော အဲဒီအင်နားရှားဆိုတဲ့အရှိန်နဲ့ လွင့်သွားကြတာပဲဖြစ်ပါတယ်တဲ့။

ယခုရေးပြခဲ့တဲ့ ဖြစ်ရပ်တွေကတော့ Laws of Physics ဆိုတဲ့ စာအုပ်ထဲက ဖတ်ဖူးမှတ်ဖူးတဲ့အတိုင်း ရေးလိုက်တာပါ။ အင်နားရှားရဲ့သဘောသဘာဝကို ပိုမိုသဘောပေါက်စေချင်လို့ပါ။

လက်တွေ့ဖြစ်ရပ်တွေထဲမှာလည်း အဲဒီအင်နားရှားရဲ့သဘောသဘာဝကို တွေ့နိုင်ပါတယ်။ ကားတစ်စီးအရှိန်နဲ့သွားနေရင်းက ပြုန်းကနဲဘရိတ်အုပ်လိုက်တော့ ကားပေါ်ကလူတွေ အရှိန်နဲ့လျှောကနဲရှေ့ကိုရွေ့သွားကြ



တယ်။ အဲဒါ အင်နားရှားနိယာမအတိုင်းပါ။ ကားက ဘရိတ်ကြောင့်ရပ်ပေမယ့် လူတွေက အင်နားရှားဆိုတဲ့ အရှိန်နဲ့ရွေ့သွားကြတာပါ။ အရှိန်ပြင်းရင်တော့ ပြေးဆောင့်တာပေါ့လေ။ လူတွေတင် မကပါဘူး။ သက်မဲ့အရာဝတ္ထုတွေလည်း ဒီလိုပဲဖြစ်ရတာပါပဲ။

ဒီကနေ့ အများတကာပြောဆိုသုံးနှုန်းနေကြတဲ့အရှိန်ဆိုတာ ရူပဗေဒပညာရပ်နဲ့ပြောရင် အင်နားရှားဆိုတာပဲဖြစ်ပါတယ်။ အဲဒီ အရှိန်ဆိုတာဘာလဲ။ သူ့ရဲ့သဘောသဘာဝက ဘယ်လိုရှိသလဲဆိုတာ သဘောပေါက်နားလည်စေချင်လို့ အခုလို ရှည်ရှည်ဝေးဝေးမိတ်ဆက်ပေးနေခြင်းဖြစ်ပါတယ်။ ယာဉ်တိုက်မှုတော်တော်များများဟာ အဲဒီအရှိန်နဲ့ပတ်သက်နေတာကြားသိနေရပါတယ်။ ယာဉ်တိုက်မှုအန္တရာယ်တွေဖော်ပြရာမှာ အရှိန်မထိန်းနိုင်ဘဲ ဓာတ်တိုင်ဝင်တိုက်တာတို့၊ သစ်ပင်ဝင်တိုက်တာတို့၊ လမ်းဘေးချောက်ထဲထိုးကျသွားတာတို့၊ အချင်းချင်းခေါင်းချင်းဆိုင်တိုက်တာတို့ ကြားရတာအများဆုံးပါပဲ။ ပြောချင်တာက အရှိန်မထိန်းနိုင်တာ၊ အရှိန်လွန်သွားတာဆိုတဲ့ ဖြစ်ရပ်တွေကို ရည်ညွှန်းပြီး ပြောချင်တာပါ။ အရှိန်ရဲ့သဘောတရားကို ပြည့်ပြည့်ဝဝနားလည်သဘောပေါက်ထားရင် ယာဉ်အန္တရာယ်တော်တော်များများ ကင်းဝေးသွားအောင် ရှောင်ရှားနိုင်လိမ့်မယ်လို့ ယုံကြည်ပါတယ်။

ယာဉ်များအရှိန်မထိန်းနိုင်လို့ အန္တရာယ်နဲ့ရင်ဆိုင်ကြုံတွေ့ရတဲ့ ဖြစ်ရပ်တချို့ကို တင်ပြချင်ပါသေးတယ်။ ယာဉ်များအရှိန်မထိန်းနိုင်လို့ သစ်ပင်ကိုဝင်တိုက်တာတို့၊ ဓာတ်တိုင်ကိုဝင်တိုက်တာတို့၊ လူကိုဝင်တိုက်တာတို့၊ ချောက်ထဲထိုးကျတာတို့ကတော့ အဖြစ်များလို့ရိုးနေပါပြီ။ အခုဖြစ်ရပ်ကတော့ အဲဒီဖြစ်ရပ်တွေနဲ့ မတူကွဲပြားပြီး ဆန်းတယ်လို့ဆိုရမှာပါ။ ‘အရှိန်မထိန်းနိုင်ဘဲ အိမ်ခေါင်မိုးပေါ်ရောက်သွားသောကားတစ်စီး’ ဆိုတဲ့ ခေါင်းစဉ်နဲ့ ဖော်ပြထားတဲ့သတင်းတစ်ပုဒ်ပါပဲ။

ဖြစ်စဉ်ကတော့ ဒီလိုပါ။ ယာဉ်မောင်းနေသူက လမ်းပေါ်မှာမတော်တဆဖြစ်မယ့်အရေးအစိုးရိမ်ကြီးစွာနဲ့ရှောင်ဖို့ကြိုးစားရင်း လီဗာကိုမှားယွင်းနင်းမိပြီးတော့ အရှိန်လွန်ကာ လမ်းဘေးရှိ အိမ်တစ်လုံးခေါင်မိုးပေါ် ကားကရောက်သွားပါသတဲ့။ လာကြည့်သူတွေက ယာဉ်မောင်းသူဆင်းနိုင်အောင် လှေကားထောင်ပေးကြတယ်တဲ့။ ဒီဖြစ်ရပ်က မြန်မာနိုင်ငံမှာတော့ မဟုတ်ပါဘူး။ တရုတ်နိုင်ငံ ပေကျင်းမြို့မှာဖြစ်တာပါ။ ဒီသတင်းဖြစ်ရပ်ကလေးကို ဖတ်မိသူတွေကတော့ ပြုံးမိကောင်းပြုံးမိနိုင်ပါတယ်။

နောက်ထပ်သတင်းတစ်ပုဒ်။ ဒီသတင်းကတော့ ရင်နာစရာပါ။ မြန်မာနိုင်ငံ နတ်မောက်မြို့မှာဖြစ်ခဲ့တဲ့ ယခုဇူလိုင်လထုတ်ဂျာနယ်သတင်းတစ်ပုဒ်ပါ။ နတ်မောက်- ပျော်ဘွယ်လမ်းအတိုင်း နောက်မှာလူတစ်ယောက်နဲ့စီးနင်းမောင်းနှင်လာတဲ့ဆိုင်ကယ်ဟာ ရှေ့မှာမောင်းနှင်နေတဲ့ကားတစ်စီးကို အရှိန်နဲ့ကျော်တက်ရာမှာ ဆန့်ကျင်ဘက်လမ်းကြောကမောင်းလာတဲ့ မြင်းလှည်းနဲ့ဝင်တိုက်မိသတဲ့။ အဲဒီလိုအတိုက်မှာ မြင်းလှည်းရဲ့ရှေ့လက်တံက ဆိုင်ကယ်မောင်းနှင်သူရဲ့ဝဲဘက်ရင်အုံကို ထိုးသွင်းဖောက်ထွက်သွားပါသတဲ့။ ဒီသတင်းကိုဖတ်မိတော့ ကိုယ့်ရင်မှာပါနာကျင်သွားသလိုခံစားရပါတယ်။

ဆိုင်ကယ်ဟာ မြင်းလှည်းနဲ့ရင်ဆိုင်တိုးမိတဲ့အချိန်မှာ အရှိန်ဘယ်လောက်တောင်များနေမလဲဆိုတာ ဒီလောက်ဆိုရင်ခန့်မှန်းလို့ရနိုင်ပါတယ်။ ဒီနေရာမှာ မေးစရာလေးတွေ ပေါ်လာပါတယ်။ ရှေ့ကားက ဆိုင်ကယ်ကျော်တက်ဖို့လမ်းမပေးဘူးလား။ သူကကော အရှိန်ဘယ်လောက်နဲ့မောင်းနေသလဲ။ ကျော်တက်မယ့်ဆိုင်ကယ်သမားကရော ကျော်မတက်ခင်မှာရှေ့ဘက်ယာဉ်ကြောရှင်းမရှင်း မကြည့်ဘူးလား။ မေးစရာမေးခွန်းရှိပေမယ့် အဖြေကတော့ရနိုင်စရာမရှိပါဘူး။ ဒါပေမဲ့ ဒီဖြစ်ရပ်တွေကနေပြီး သင်ခန်းစာယူဖို့ ဆင်ခြင်စဉ်းစားစရာလေးတွေတော့ရှိပါတယ်။

ယာဉ်မောင်းနေစဉ်အန္တရာယ်နဲ့ ရင်ဆိုင်တိုးပြီဆိုရင် ဖြစ်ပေါ်လာတဲ့အဖြစ်အပျက်ကလေးရဲ့အချိန်ဟာ အင်မတန်တိုတောင်းလှပါတယ်။ ဘယ်လိုတိမ်းရှောင်မလဲ၊ ဘာလုပ်ရမလဲဆိုတာ ချင့်ချိန်တွက်ဖို့ အချိန်မရနိုင်ပါဘူး။ မောင်းနေတဲ့ယာဉ် အရှိန်များလေ ဖြစ်ပျက်ချိန်ကလေးကတိုတောင်းလေပါပဲ။

အရှိန်ရဲ့ သဘောသဘာဝနဲ့ပြောရရင် အရှိန်သိပ်များနေတဲ့အချိန်မှာ ဘရိတ်ဟာအရာမရောက်ပါဘူး။ အရှိန်ဆိုတဲ့ အင်နားရှားဟာ သွားမြဲသွားနေလိုတဲ့ သဘောအလျောက် မောင်းနေတဲ့ယာဉ်အမြန်နှုန်းရှိရင် ရှိသလောက် ရွေ့နေတာကို ဘရိတ်ကတားတယ်။ ဒီအချိန်မှာ ဘရိတ်ရဲ့အားနဲ့ ရွေ့နေတဲ့ယာဉ်ရဲ့အားတို့ဟာ ဆန့်ကျင်အားနှစ်ခုဖြစ်ပေါ်ပါတယ်။ အဲဒီမှာယာဉ်ဟာအရှိန်ပျက်ပြီး မှောက်ချင်မှောက်မယ်။ လိမ့်ချင်လိမ့်သွားမယ်။ ရှေ့မှာတိုက်စရာနဲ့တွေ့ရင် တိုက်မယ်။ ချောက်ရှိတဲ့ဘက် ဦးတည်သွားရင်လည်း ချောက်ထဲကျမယ်။ ဒီနေရာမှာ ထောက်ပြချင်တာက ဘရိတ်ဟာ ယာဉ်မှာလည်နေတဲ့ဘီးများကိုသာ ဟန့်တားနိုင်ပေမယ့် ယာဉ်မှာသက်ရောက်နေတဲ့အင်နားရှားကိုတော့ ဟန့်တားနိုင်စွမ်းမရှိဘူးဆိုတာကို နားလည်သဘောပေါက်ထားဖို့ပါပဲ။

နောက်တစ်ခုတင်ပြလိုတာက ယာဉ်ကိုအရှိန်နဲ့ကွေ့တဲ့ကိစ္စ၊ ကန့်လန့်ဖြတ်နေတဲ့ အချိုးအကွေ့။ ယာဉ်ဟာ အရှိန်နဲ့မောင်းနေရင်း ကွေ့ပြီဆိုပါတော့။ ဒီအချိန်မှာ ပေါ်လာမယ့်ပြဿနာဘာလဲဆိုတော့ ဘီးတွေကိုကွေ့လိုတဲ့ဘက်ကိုဦးတည်ချက်ပြောင်းလို့ရပေမယ့် အရှိန်ဆိုတဲ့အင်နားရှားဟာ ဦးတည်ချက်လိုက်မပြောင်းဘဲ ရှေ့တည့်တည့်ကိုပဲ ဦးတည်နေပါတယ်။ ဒီအချိန်မှာပေါ်လာတဲ့ပြဿနာကတော့ ဘီးတွေဦးတည်နေတဲ့ လားရာဘက်နဲ့အင်နားရှားဦးတည်နေတဲ့ လားရာမတူညီတော့ ပဋိပက္ခဖြစ်တယ်။ ယာဉ်ဟာ ဟန်ချက်ပျက်ပြီး တိုက်ချင်

စာမျက်နှာ ၁၂ သို့-

စက်မှုအလင်းဂျာနယ်
Beacon of Industry Journal

# ရွှေတိဂုံစေတီတော်လာရောက်သူ နိုင်ငံခြားသားခရီးသည် နှစ်စဉ် ၁ သိန်းတိုးလာ



ပြီးခဲ့သည့် ၂၀၁၀ ခုနှစ်မှစတင်ပြီး ရွှေတိဂုံစေတီတော်ကို နိုင်ငံခြားသား ဧည့်သည်များ လာရောက်မှုနှုန်းက တစ်နှစ်ကိုပျမ်းမျှတစ်သိန်းဝန်းကျင် တိုးလာခဲ့ကြောင်း ရွှေတိဂုံစေတီတော်ဂေါပကအဖွဲ့က ကောက်ယူထားသော စစ်တမ်းများအရ သိရသည်။

ရွှေတိဂုံစေတီတော်ဂေါပကအဖွဲ့ ရုံးအဖွဲ့မှူးက 'မြန်မာနိုင်ငံရဲ့အခြေအနေဟာ ပွင့်လင်းမြင်သာတဲ့အခြေအနေဖြစ်လာတာကြောင့် လာရောက်လေ့လာသူတွေများလာတာဖြစ်ပါတယ်' ဟု ပြောကြားခဲ့သည်။ ရွှေတိဂုံစေတီတော်ကို ပြီးခဲ့သည့် ၂၀၁၀ ခုနှစ်မှ ၂၀၁၆ ခုနှစ်အထိ နိုင်ငံခြားသားခရီးသည် နှစ်စဉ် ၁ သိန်းကျော်ပျမ်းမျှတိုးပြီး လာရောက်လည်ပတ်ကြခြင်းဖြစ်ကြောင်း သိရသည်။

ရွှေတိဂုံစေတီတော်ကို နိုင်ငံခြားသားဧည့်သည်တစ်ဦးအနေဖြင့် ဝင်ကြေးကျပ် ၈ ထောင်ပေးပြီး ဝင်ရောက်လည်ပတ်ရခြင်းဖြစ်ကြောင်းသိရသည်။ ရွှေတိဂုံစေတီတော်ကို လာရောက်လည်ပတ်သူများထဲတွင် ထိုင်းနိုင်ငံသားများက အများဆုံးပါဝင်ပြီး ဂျပန်၊ ကိုရီးယား၊ တရုတ်နှင့်အမေရိကန်နိုင်ငံသားများလည်း ပါဝင်ကြောင်းသိရသည်။

**ဖူးပွင့်ခက်ဝေ**

# ရွှေတိဂုံစေတီတော်တွင် အကြိမ် (၃၀) မြောက် ဒါနဥပပါရမီ စုပေါင်းသွေးလှူဒါန်း

**အောင်ပိုင်မျိုး**

ရန်ကုန်ဆေးရုံကြီးတွင် တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးက အကြောင်းအမျိုးမျိုးဖြင့်ဆေးဝါးကုသမှုခံယူနေရသော လူနာများအတွက် လိုအပ်နေသည့်သွေးများကို ဖြည့်ဆည်းပေးနိုင်ရန် ရွှေတိဂုံစေတီတော်မြတ်ကြီး၌ အကြိမ် (၃၀) မြောက် ဒါနဥပပါရမီ စုပေါင်းသွေးလှူဒါန်းပွဲ ပြုလုပ်ခဲ့ကြောင်း သိရသည်။

အဆိုပါ စုပေါင်းသွေးလှူဒါန်းပွဲကို ဩဂုတ်လ ၁၃ ရက်နေ့ နံနက် ၈ နာရီက ရွှေတိဂုံစေတီတော် ချမ်းသာကြီးတန်ဆောင်းတွင် ပြုလုပ်ခဲ့ခြင်းဖြစ်သည်။

ယခုကဲ့သို့ ရွှေတိဂုံစေတီတော်မြတ်ကြီးတွင် စုပေါင်းသွေးလှူဒါန်းပွဲကို နှစ်စဉ် ၄ လ တစ်ကြိမ် ပြုလုပ်နေခြင်းဖြစ်ပြီး လူမျိုးဘာသာမရွေး မရှိမဖြစ် လိုအပ်သောသွေးများကို ဝေဒနာရှင်မခွဲခြားဘဲ ပေးလှူနိုင်ရန် ရည်ရွယ်ပြုလုပ်ရခြင်းဖြစ်ကြောင်း ရွှေတိဂုံစေတီတော်ဝန်ထမ်းရေးရာနှင့်မှတ်တမ်းဌာန ဌာနမှူး အကြိမ် (၃၀) မြောက် သွေးလှူဒါန်းပွဲ၏ အတွင်းရေးမှူး ဒေါ်တင်တင်အေးထံမှ သိရသည်။

အကြိမ် (၃၀) မြောက် သွေးလှူရှင်များအတွက် သွေးလှူဖောင် ၇၀၀ ကျော် လက်ခံဆောင်ရွက်ခဲ့ပြီး နှစ်စဉ်ရရှိသော သွေးများကို ရန်ကုန်ဆေးရုံကြီးအမျိုးသားသွေးဌာနကို လှူဒါန်းပေးခြင်းဖြစ်ကြောင်း သိရသည်။

ထိုသို့ ရရှိလာသော သွေးများကို အမျိုးသားသွေးလှူဌာနအနေဖြင့် သွေးအမျိုးအစားခွဲခြင်း၊ ဓာတ်ခွဲစစ်ဆေးခြင်းများ ပြုလုပ်ပြီးစနစ်တကျထိန်းသိမ်းကာ အရေးပေါ်လိုအပ်သော လူနာများအတွက် အခမဲ့လှူဒါန်းပေးသွားမည်ဖြစ်ကြောင်း ရန်ကုန်ဆေးရုံကြီး အမျိုးသားသွေးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာသန်းအောင်ထွန်းက ပြောကြားခဲ့သည်။

အင်းစိန်မြို့နယ်နှင့် လှိုင်သာယာမြို့နယ်က လာရောက်သွေးလှူဒါန်းသူများက 'အခုလိုစုပေါင်းသွေးလှူဒါန်းပွဲမှာ လာရောက်လှူဒါန်းတဲ့သွေးလှူရှင်တွေအနေနဲ့မိမိသွေးကို လှူဒါန်းရချိန်မှာ လိုအပ်တဲ့လူနာတွေရဲ့အသက်ကိုကယ်နိုင်ဖို့ မေတ္တာပို့ရင်း လှူဒါန်းခဲ့တာဖြစ်ပါတယ်' ဟု ပြောကြားခဲ့သည်။

ရွှေတိဂုံစေတီတော်မြတ်ကြီးတွင် ဒါနဥပပါရမီ စုပေါင်းသွေးလှူဒါန်းပွဲကျင်းပခဲ့ခြင်းသည် အကြိမ် (၃၀) ပြည့်မြောက်ခဲ့ပြီဖြစ်ပြီး (၂၉) ကြိမ်မြောက်အထိ ရန်ကုန်ဆေးရုံကြီးအမျိုးသားသွေးဌာနကို သွေးပုလင်းပေါင်း ၂ သောင်းကျော် လှူဒါန်းပေးနိုင်ခဲ့ကြောင်း သိရသည်။




ကြေးပိဋကတ်တော် လှူဒါန်းနေပါသည်

ကြေးပိဋကတ်တော် အလှူရှင်




ရန်ကုန်တိုင်း၊ သံလျှင်မြို့
အောင်မင်္ဂလာ ရပ်ကွက်၊ အောင်သိဒ္ဓိလမ်းနေ
ဦးကြည်ခင် နှင့် အဖွဲ့မှ
ကြေးပြား (၅)ချပ်၊
တန်ဖိုး – ၁၃၀၀၀၀ ကျပ်
ကြေးပိဋကတ်ဦးဆောင်ဆရာတော်ထံ
လာရောက်လှူဒါန်းပါသည်။

ဆက်သွယ်လှူဒါန်းရဌာန – မင်္ဂလာတိုက်ကျောင်း၊ ကျောင်းတော်ရာရွှေကျင်တိုက်ကြီး၊ ကမ္ဘာအေးဘုရားလမ်း၊ (ရွှေကောင်းပေါ့ဗေဒါရှေ့)၊ ကြားတောရရပ်ကွက်၊ မဟာနီးမြို့နယ်၊ ရန်ကုန်။ ဖုန်း ၀၁၅၄၈၈၀၅၊ ၀၉ ၅၁ ၉၅၂၀၆၊ ၀၉ ၄၉၃ ၁၆၂၁၃။


စာမျက်နှာ ၁၁ မှ-

လည်းတိုက်မယ်။ မှောက်ချင်လည်း မှောက်မယ်။

ဒီနေရာမှာ ခြွင်းချက်အနေနဲ့ပြောစရာရှိတာကတော့ အရှိန်အနည်းအများပေါ်မှာမူတည်ပြီး အရှိန်ထိန်းနိုင်/မထိန်းနိုင်ဆိုတဲ့ အချက်တစ်ချက်ဖြစ်ပါတယ်။ သွားနေတဲ့ယာဉ်ဟာ အရှိန်နည်းတယ်ဆိုရင် ကိုယ်လိုရာဘက်ကို ထိန်းကျောင်းလို့ရနိုင်ပါတယ်။ အရှိန်များနေရင် ထိန်းနိုင်ဖို့ခက်ခဲပါတယ်။

နောက်တစ်ခုက ကျရောက်လာမယ့်အန္တရာယ်ဟာ ချဉ်းကပ်လာပြီဆိုရင် ရောက်လာမယ့်အချိန်ဟာလည်း ယာဉ်ရဲ့အရှိန်ပေါ်မှာမူတည်ပါတယ်။ ယာဉ်ရဲ့အရှိန်များရင် အန္တရာယ်ကျရောက်မယ့်အချိန်ဟာ တိုတောင်းပြီးနီးတယ်လို့ဆိုရမှာဖြစ်ပါတယ်။ အရှိန်နည်းရင် အန္တရာယ်ကျရောက်မယ် အချိန်ဟာ နည်းနည်းပိုကြာပြီး ပိုဝေးတယ်လို့ပြောရမှာဖြစ်ပါတယ်။ အန္တရာယ်နဲ့အနီးအဝေးကို ပြောတာပါ။

စာရှုသူများခင်ဗျား၊ အရှိန်ရဲ့သဘောတရားကို ခံစားနားလည်ဖို့ လက်တွေ့ထင်သာတဲ့ဖြစ် ရပ်များနဲ့ယှဉ်တွဲပြီး ကြိုးစားတင်ပြခဲ့ခြင်းပဲဖြစ်ပါတယ်။ ယာဉ်များနဲ့ယာဉ်အန္တရာယ်များဆိုတဲ့နေရာမှာ မော်တော်ဆိုင်ကယ်များကိုလည်း ရည်ညွှန်းပါကြောင်းပြောကြားလိုပါတယ်။ မကြာသေးမီက သက်ဆိုင်ရာကထုတ်ပြန်တဲ့ သတင်းတစ်ပုဒ်မှာဆိုထားတာက ယာဉ်မတော်တဆဖြစ်မှုကြောင့် အသက်အန္တရာယ်ဆုံးရှုံးမှုတွေထဲမှာ ဆိုင်ကယ်နဲ့ဖြစ်ပွားမှုက ၅၀ ရာခိုင်နှုန်း ပါဝင်ပါတယ်တဲ့။

စာရှုသူများခင်ဗျား၊ ယခုတင်ပြခဲ့ပြီးသမျှတွေထဲက အတိုချုံးပြီးအထူးပြောချင်တာက စက်တပ်ယာဉ်တွေမောင်းနှင်ရာမှာ စက်ရဲ့စွမ်းအင်ကိုလျှော့မတွက်ပါနဲ့။ မဆင်မခြင်သုံးရင် အသက်အန္တရာယ်ကိုအချိန်မရွေးပေါ်ပေါက်စေနိုင်တယ်ဆိုတာရယ်၊ စက်တပ်ယာဉ်များမောင်းနှင်ရာမှာ အရှိန် (သို့) အင်နားရှားရဲ့သဘောတရားကို ဆင်ခြင်သုံးသပ်ပြီး မောင်းနှင်ခြင်းအားဖြင့် အရှိန်မထိန်းနိုင်လို့တိုက်တယ်၊ အရှိန်မထိန်းနိုင်လို့ မှောက်တယ်၊ အရှိန်မထိန်းနိုင်လို့ အသက်ဆုံးရှုံးရတယ်ဆိုတဲ့ ရင်နာစရာဖြစ်ရပ်တွေ နည်းနိုင်သမျှနည်းပါစေလို့ ဆုတောင်းလိုက်ရပါကြောင်း။

**Safety First**




မှန်ပါသည်။ ကိုယ့်ကိုယ်ကိုယ်သာ ကိုယ်ချစ်ပါ။ တစ်ကိုယ်ကောင်းကြံ၊ တစ်ကိုယ်ကောင်းဆန်ကာ၊ အတ္တဆန်ကာ အတ္တကြီးသူဟုသူများအထင်အမြင်အသေးခံရမည်ကို မကြောက်ပါနှင့်။ မစိုးရိမ်ပါနှင့်။ ကိုယ့်ကိုယ်ကိုယ်ချစ်မှုမှာ သဘာဝကျယုတ္တိတန်၊ လွယ်လည်းလွယ်ကူပြီး တရားနည်းလမ်းကျ၏။

သူများတကာကို သွားချစ်ရန်မှာ မလွယ်ချေ။ ကိုယ်ကအကျိုးလိုလား၊ စေတနာထား၊ စိတ်ကောင်းထားကာ ကောင်းရာမွန်ရာ၊ တိုးတက်ရာမြင့်မားကြောင်း နှုတ်၏စောင်မခြင်း၊ ကိုယ်၏စောင်မခြင်းများ လုပ်ပါသော်လည်း သူ့သဘောသူဆောင်ပါမည်။ သူ့အကြိုက်၊ အကြော၊ သဘောအထာအတိုင်းသာ လုပ်ကိုင်ဆောင်ရွက်လိုကြ၏။ သူ့အကြိုက်နှင့်မကိုက်၊ သဘောမကျ၊ အကြိုက်မတွေ့ဘဲ သံယောဇဉ်ကို နှောင်ကြိုးထင်၊ စေတနာကို ဝေဒနာမှတ်၊ သူ့ဘဝအား ဝင်ရောက်စိုးမိုးလိုသည်၊ ချယ်လှယ်လွှမ်းမိုးလိုသည်ဟု အထင်လွဲအမြင်စောင်းကာ ထော်လော်ကန့်လန့်လုပ်ပါက ဝွကျကုန်ပါမည်။ သူများကိုချစ်ရသည်မှာ လက်ဝင်ပင်ပန်းကိုယ့်ဒုက္ခ၊ ကိုယ်ရှာသလိုဖြစ်နိုင်ဖွယ်ရှိပါသည်။

အဓိကမှာ ကိုယ့်ကိုယ်ကိုယ်ချစ်ရန် ကိုယ့်ဘဝ၊ ကိုယ့်အခြေအနေ၊ ကိုယ့်အဆင့်အတန်း၊ ကိုယ့်အရည်အချင်း၊ ကိုယ့်အစွမ်းသတ္တိကို တစ်ဆင့်ပြီးတစ်ဆင့် မြင့်ထက်မြင့်မားအောင်၊ တိုးတက်အောင် မြှင့်ယူရန်ပင်ဖြစ်ပါသည်။ သို့ပါမှ မှန်မှန်ကန်ကန် ချစ်ရာရောက်ပါမည်။ ကိုယ့်ကိုယ်ကိုယ်ချစ်သည်ဆိုကာ စိတ်အလိုသို့လိုက်၍ ရေသာခိုအချောင်လိုက်ခြင်းသည် ချစ်ရာမရောက်၊ နှစ်ရာသာရောက်ပါမည်။ လူညံ့၊ လူဖျင်း၊ လူပျင်းအဖြစ် နာမည်ပျက်ပါမည်။ အလုပ်တွဲလုပ်ချင်သူပင် ရှိမည်မဟုတ်။ လွတ်လပ်ပေါ့ပါးစွာ ဟေးလားဝါးလား နေထိုင်ကျင့်ကြံမှုသည်လည်း ချစ်ရာမရောက်။ သောက်စားပျော်ပါးနေလျှင် ပိုဆိုးပါမည်။ လောင်းကစားနှင့် မွေ့လျော်ပျော်ပိုက်ခြင်းလည်း ချစ်သည်မမည်။ ပျက်စီးဖို့သာရှိ၏။

မိမိကိုယ်ကို နည်းမှန်လမ်းမှန် စနစ်တကျချစ်တတ်ရန်မှာ လွယ်လွယ်ကြောင်းကြောင်း မဟုတ်ချေ။ အထိုက်အလျောက်ရှည်လျားသည့် ကိုယ့်ဘဝအတွက် အသိအမြင်အကြား၊ အတတ်ပညာ၊ ဗဟုသုတ၊ ဘက်စုံထောင့်စုံ ပြည့်စုံဖူလုံရန်လိုအပ်ပါမည်။ ထိုအရည်အချင်းပြည့်မီရန် စာအုပ်၊ စာပေဖတ်မှတ်လေ့လာဆည်းပူးမှုသည် မိမိကိုယ်မိမိချစ်ခြင်းတည်း။ ရှုပ်ထွေးပွေလီသော ဘဝခရီးတွင် လမ်းကြောင်းမှန်အတိုင်း လျှောက်လှမ်းနိုင်ရန် စဉ်းစားဝေဖန်၍ လမ်းကောင်းလမ်းသာကို ဉာဏ်အမြော်အမြင်နှင့် ရွေးချယ်လျှောက်လှမ်းတတ်အောင် အားထုတ်ခြင်းသည် ကိုယ့်ကိုယ်ကိုယ်ချစ်သည်မည်၏။

လူ့သဘာဝအလျောက် လူ့လောကကြီးကိုဖြတ်သန်းရာတွင် မိမိလော်မာ၍ဖြစ်စေ၊ စိတ်အလိုလိုက်ကာ မှားယွင်းတိမ်းစောင်း၍ဖြစ်စေ ဘေးဥပဒ်အန္တရာယ်တွေ့ရခြင်းသည် မိမိကိုယ်ကိုချစ်ရာမရောက်။ ဘေးဥပဒ်အန္တရာယ်ကင်းအောင် ထိန်းသိမ်းစောင့်ရှောက်တတ်၊ လုံခြုံစိတ်ချရအောင် နေထိုင်ပြောဆိုကျင့်ကြံတတ်ပါမှ ချစ်ရာရောက်ပါမည်။

ဖော်ပြပါအခြင်းအရာ၊ အကြောင်းအချက် အစုအပေါင်းကို ဘဝပညာ၊ ဘဝအသိဟုခေါ်ပါသည်။ ထိုဘဝပညာ၊ ဘဝအသိသည် ဘွဲ့ဒီဂရီ၊ ရာထူးရာခံ၊ နေဥစ္စာချမ်းသာကြွယ်ဝခြင်းတို့ထက် ဘဝတွင်အရေးပါ ပဓာနကျပါသည်။ ဘဝပညာ၊ ဘဝအသိချို့တဲ့ပိန်လှီပါက ဘယ်သူမဆို မှားယွင်းချွတ်ချော်ကာ ဆိုးဆိုးရွားရွား၊ လိမ့်လိမ့်လဲလဲဖြစ်ရင်း မြောင်းထဲရောက်သွားနိုင်ပါသည်။ ဘဝပညာ၊ ဘဝအသိ၊ ဉာဏ်အမြော်အမြင်နှင့် မိမိကိုယ်ကို အမှားအယွင်းကင်းအောင် ထိန်းသိမ်းစောင့်ရှောက်နိုင်၊ ရှင်သန်ရပ်တည်နိုင်ပါမှ မိမိကိုယ်ကို အမှန်တကယ်ချစ်ရာရောက်ပါမည်။ ၄င်းကို ‘လူလားမြောက်ခြင်း’ ဟုလည်းခေါ်ပါသည်။ ဘဝတွင် အခြေခံကောင်းရထားပြီးသူလည်း ဖြစ်သွားပါမည်။ အရေးကြီး၏။

ကျွန်တော်တို့သည် ယေဘုယျအားဖြင့် စားဝတ်နေရေးပြေလည်အခြေတကျဖြစ်ပြီးပါက မိမိကိုယ်ကို တော်လှပြီ၊ ဟုတ်လှပြီ၊ ဟန်ကျနေပြီထင်ကာ ကျေနပ်နေတတ်ကြပါသည်။ မငတ်ဖို့သေချာလျှင် မာန်မာနတက်ချင်စရာ အဆင့်အတန်းတစ်စုံတစ်ရာရှိပြီဟု ကိုယ့်ကိုယ်ကိုယ်အထင်ကြီးတတ်ကြ၏။ ထိုအခြေအနေက



ကောင်းပါသည်။ သို့သော် မမွန်သေးချေ။

လူတို့၏ဘဝတဏှာ၊ ကာမတဏှာ၊ ရသတဏှာများ အလုံးစုံပြည့်စုံပါမှ ဘဝတာတွင် အရသာစုံ၍ လူပီသပါမည်။ လူဖြစ်ရကျိုးနပ်ပါမည်။ လူ့ဂုဏ်သိက္ခာနှင့်ညီပါမည်။ သို့ပါမှ ကိုယ့်ကိုယ်ကိုယ်အမှန်တကယ်ချစ်ရာကျပါမည်။ ပုံသေနည်းပင်တည်း။

× × ×

အသက်မွေးဝမ်းကျောင်းမှုအဖြစ် ကပစစစ်သားလုပ်စားသောကျွန်တော်သည် စစ်သက်ရှစ်နှစ် အသက်အစိတ်တွင် အိမ်ထောင်ကျပါသည်။ အစိုးရလခစား၊ လစာရိက္ခာရသောကျွန်တော်သည် ချစ်ဇနီးအား မငတ်အောင်တော့ ထားနိုင်၏။ ကျွန်တော့်စစ်သားလစာမှာ ၆၈ ကျပ်တည်းသာဖြစ်၍ အိမ်ထောင့်ပစ္စည်း၊ မီးဖိုချောင်သုံးပစ္စည်းက ဟောင်းလောင်း။ ဘာမှမပြည့်စုံ။ ကျွန်တော်နှာခေါင်းကျည်ပွေ့တွေ့၏။ အကျဉ်းအကြပ်ဆိုက်၏။ သို့သော်. . .။

ဝင့်ဝါမော်ကြွားသည်ဟု ထင်ခါမှထင်ကြပေရော့။ ကျွန်တော့်ကိုယ်ကျွန်တော် ချစ်တတ်သောကျွန်တော်သည် ချစ်ရာရောက်သည့်ဝါသနာအလုပ်များကို လေ့လာလိုက်စားထားသည်များ မနည်းချေ။ လူပျိုလူလွတ်ဘဝကို စနစ်တကျအသုံးချကာ ကိုယ့်ကိုယ်ကိုယ်ချစ်ထားသည်မှာ ရှစ်နှစ်လုံးလုံးဖြစ်၏။ ကျွန်တော်က ကပစတပ်ဖွဲ့တွင် တာဝေးအပြေး ၂၆ မိုင် မာရသွန်ချန်ပီယံပင်။

ဒီတော့ လစာအပြင် အပိုဝင်ငွေမရတတ်သော ကျွန်တော်၊ ရေးတေးတေးရှိသည့် အပြေးစွမ်းရည်ကိုအသုံးချကာ မိန်းမတွက်၊ မီးဖိုချောင်တွက်တွက်၍ ဘော်ချက်ရန် စီမံစိုင်းပြင်းပါတော့သည်။ တပ်ကအပြေးပြိုင်ပွဲဆုကြေးကို ငွေသားဆုမပေးချေ။ အိမ်သုံးပစ္စည်းများသာ ဝယ်ပေးပါသည်။ ယခင်လူပျိုဘဝက ဂုဏ်သိက္ခာအတွက် ကျွန်တော့်ကျေနပ်မှု၊ အောင်မြင်မှုရသကို ခံစားရန်အတွက်သာ ဝင်ပြိုင်ပါသည်။ စီးပွားရေးမဆန်။

ယခုတော့ စီးပွားရေးဆန်ဆန် အိမ်ထောင်ပစ္စည်းများကို ဆုပစ္စည်းများနှင့်ဖြည့်ဆည်းရန် ဆင်ကြံကြံ၏။ ‘ပြေးလို့ရတာ အကုန်ပြေး။ တစ်မိုးလုံး ဖျောက်ဆိတ်လုပ်မည်’ ဟု စီးပွားရေးတွက်နှင့် စီမံ၏။ စိုင်းပြင်း၏။ အပြေးလေ့ကျင့်မှုကို ကျားစီး၊ ဖားစီး၊ ဖိဖိစီးလေ့ကျင့်ပြင်ဆင်၏။ ဘဝပေးအခြေအနေအရ အပီအပြင်လုပ်၏။

ဇနီးတောသူလေးမှာ ကျွန်တော့်အား ‘ဘာအရူးထနေပါလိမ့်’ ဟု နားမလည်ရှာချေ။ ပြေးပွဲပြိုင်ပွဲများကို မမြင်ဖူးရှာသည့် တောသူကလေးသာ။

ကျွန်တော့်မှန်းချက်နှင့် နှမ်းထွက်ကိုက်၏။ ကိုယ့်ကိုယ်ကိုယ်ချစ်၍ ရသတဏှာကို တရှိုက်မက်မက်အာရုံခံစားလိုသောကျွန်တော်သည် ပြိုင်ပွဲတွင်ထိပ်ဆုံးက ပန်းဝင်ဗိုလ်စွဲတိုင်းအောင်မြင်မှုရသကို ခံစားသည့်သဘောနှင့် ‘ငါကွ၊ ခေသူမဟုတ်ဘူး။ စွမ်းနိုင်တယ်’ ဟု ရင်ထဲတွင် ရင့်ကျူးကြွေးကြော်ကာ အောင်မြင်မှုရသ၊ အောင်မြင်မှုအသီးအပွင့်ကို တစိမ့်တမြိန့်ခံစားပါသည်။ ပြီးနောက် အောင်ပွဲခံစင်မြင့်ပေါ်တွင် ဂုဏ်ယူစွာဆုပစ္စည်းကိုလက်ခံ၍ အောင်မြင်မှုရသကို ခံစားပြန်၏။ ဤမျှသာ။

တောသူဇနီးကမူ ကျွန်တော်ဆုရပစ္စည်းများကိုကြည့်ကာ အံ့သြဝမ်းသာဖြစ်နေရှာ၏။ ဆုပစ္စည်းများက အိမ်ရှင်မများ မက်မက်စက်စက်ရှိကြသော ဒန်အိုး၊ဒန်ခွက်၊ ပန်းကန်ခွက်ယောက်များ၊ အဝတ်အထည်ပိတ်စများ၊ ခေတ်ဗူး၊ စားပွဲတင်နှိုးစက်နာရီများပါပေသကိုး။ ဟန်ကျ၏။

အလှူ့အိမ် ခွေးလမ်းသိ၊ ရလေလိုလေ အိုတစ္ဆေဖြစ်သွားသည့် ကျွန်တော်နှစ်စဉ်အပြေးအလုပ်နှင့် ဘော်ချက်သည်မှာ ဆယ်စုနှစ်တစ်ခုစာဖြစ်ပါသည်။ မာရသွန်မီတာတစ်သောင်းပြိုင်ပွဲများမှာ ခရီးတာဝေး၍ ခက်ခဲပင်ပန်းခြင်းကြောင့် သတ်မှတ်ဆုကြေးငွေများသလို ဆုပစ္စည်းလည်းများပါသည်။ နောက်ပိုင်းတွင် အသုံးမလိုကရောင်းစား၏။ လိုအပ်ပစ္စည်းများကို ဆုပေးရေးလူကြီးများထံ ‘ဘယ်ပစ္စည်းဝယ်ပေးပါ’ ဟုတောင်းခံနိုင်သည်အထိ ဖြစ်ကုန်ပါသည်။ ကျွန်တော့်အဖို့ တွက်ခြေကိုက်၏။

အိမ်ထောင်ပစ္စည်းများကို လစာနှင့်ဝယ်ရန်မလို။ ကျွန်တော်၏ကိုယ့်ကိုယ်ကိုယ်ချစ်မှုမှာ အသုံးဝင်အဖိုးတန်ပါသည်။ မယ်ဒလင်ကျွမ်းကျင်သူ အပျော်တမ်းတေးဂီတသမားကျွန်တော်သည်အစက ကိုယ့်ဘာသာဆိုတီးတီး သီချင်းဟစ်ကာတေးဂီတနှင့် ချိုမြိန်သာယာရုံသာ တေးဂီတရသကိုခံစားပါသည်။ စက်မှုသင်တန်းကျောင်း (ဆင်တဲ) သို့ရောက်သောအခါ မြန်မာသံတူရိယာဝိုင်းကို ဦးဆောင်၍ ၁၄ နှစ်ကြာ ကျောင်းတွင်းဖျော်ဖြေပွဲများကို စီစဉ်တင်

စာမျက်နှာ ၁၆ သို့-

စက်မှုအလင်းဂျာနယ်
Beacon of Industry Journal

## မော်တော်ယာဉ်ဆိုင်ရာအချက်အလက်များ စစ်ဆေးပေးချိန်မှစတင်၍ ယခုအချိန်အထိ မှန်ကန်မှုမရှိသည့်အမှု (၇) မှုတွေ့ရှိ

ရန်ကုန်တိုင်းဒေသကြီး ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနအနေဖြင့် မူလလုပ်ဆောင်နေသော လုပ်ငန်းတာဝန်များအပြင် ပြည်သူများ မော်တော်ယာဉ်နှင့်ပတ်သက်ပြီး ရောင်းမှား၊ ဝယ်မှားမဖြစ်စေဖို့အတွက် မော်တော်ယာဉ်ဆိုင်ရာ အချက်အလက်များကို မှန်ကန်မှုရှိ/မရှိ စစ်ဆေးပေးခြင်းများကို ပြီးခဲ့သည့်မတ်လကတည်းက ဆောင်ရွက်ပေးနေပြီး မှန်ကန်မှုမရှိသော အမှုပေါင်း (၇) မှုကို စစ်ဆေးတွေ့ခဲ့ကြောင်း ရန်ကုန်တိုင်းဒေသကြီး ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။

အဆိုပါအမှု (၇) မှုကိုလည်း ခရိုင် (၄) ခု၌ရှိသော သက်ဆိုင်ရာ ရဲစခန်းများတွင် အမှုဖွင့်ကာတရားစွဲဆိုခြင်းများ ဆောင်ရွက်နေပြီဖြစ်ကြောင်းနှင့် နောက်ပိုင်းတွင် လိမ်ညာရောင်းဝယ်ခြင်းများလည်း လျော့နည်းသွားမည်ဖြစ်သည်ဟု ရန်ကုန်တိုင်းဒေသကြီး ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဦးသိန်းဦးကပြောသည်။

ရန်ကုန်တိုင်းဒေသကြီး ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ တိုင်းဒေသကြီးဦးစီးမှူးက **'မော်တော်ယာဉ်ဆိုင်ရာ အချက်အလက်တွေမှန်ကန်မှုရှိ/မရှိ လာရောက်စစ်ဆေးတဲ့အခါမှာ မော်တော်ယာဉ်ဝယ်မယ့်သူက တစ်ဦးတည်းမလာဘဲ ရောင်းမယ့်သူပါ အတူတူလိုက်ပါဆောင်ရွက်သင့်ပါတယ်။ မှန်ကန်မှုမရှိတဲ့အခါ အရေးယူတရားစွဲရမှာတွေရှိတာကြောင့် ဝယ်သူကရောင်းမှား၊ ဝယ်မှားအပေါ် နစ်နာသလို အရေးယူလည်း ခံရနိုင်လို့ ၂ ခါနစ်နာမှာဖြစ်ပါတယ်'** ဟုပြောကြားခဲ့သည်။

ပြီးခဲ့သည့် ဇူလိုင်လက မော်တော်ယာဉ်ဆိုင်ရာ အချက်အလက်များ စစ်ဆေးပေးခြင်းကို ခေတ္တရပ်ဆိုင်းထားခြင်းသည် လာရောက်စစ်ဆေးသော မော်တော်ယာဉ်များ ပိုမိုများပြားခြင်းကြောင့် ရက်ပိုင်းမျှသာ နားထားခြင်းဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနမှ အင်ဂျင်နီယာမှူးကြီး ဦးမျိုးနိုင်ကပြောသည်။ ၎င်းကပင် 'လာရောက် စစ်ဆေးတဲ့ မော်တော်ယာဉ်တွေက တစ်နေ့ကို (၁၀) စီးဝန်းကျင်ကနေ အစီး (၄၀) အထိရှိလာပါတယ်' ဟု ပြောကြားခဲ့သည်။

**စစ်ဆေးသည့်အခါ မှတ်ပုံတင်ဆိုင်ရာစာရွက်စာတမ်းများ၊ မော်တော်ယာဉ်စာအုပ်၊ မော်တော်ယာဉ်သက်သေခံလက်မှတ်တွင်ပါသော အချက်အလက်များ မှန်ကန်မှုရှိ/မရှိနှင့် မော်တော်ယာဉ်နှင့်ကိုက်ညီမှုရှိ/မရှိများကို အဓိကစစ်ဆေးခြင်း**ဖြစ်ကြောင်းသိရသည်။ **ဖူးပွင့်ခက်ဝေ**

## မော်တော်ယာဉ်အမည်ပေါက် အခွန်ရာဖြတ်တန်ဖိုး ပြောင်းလဲ



**ဇူလိုင်လပထမအပတ်မှစတင်ပြီး မော်တော်ယာဉ်များလွှဲပြောင်းရောင်းချကြရာတွင် မိမိအမည်ပေါက်သို့ပြောင်းလဲလိုပါက ပေးဆောင်ရမည့်အခွန်ရာဖြတ်တန်ဖိုး ပြောင်းလဲထားကြောင်း** ပြည်တွင်းအခွန်များဦးစီးဌာနမှ သိရသည်။

အဆိုပါ ရာဖြတ်တန်ဖိုးသတ်မှတ်ရာတွင် ကားအမျိုးအစားတူညီခြင်း၊ မော်ဒယ်တူညီခြင်းများရှိနေပါက အရောင်နှင့်ကြံ့ခိုင်မှုတို့ကို တိုက်ဆိုင်စစ်ဆေးကာ အခွန်ဆောင်ရန်ဖြစ်ပြီး အခွန်စည်းကြပ်ရာတွင် ရာဖြတ်သည့်အခွန်ဝန်ထမ်းက သတ်မှတ်သည့်ကြမ်းခင်းဈေးတို့ကိုလည်း အနည်းငယ်မြှင့်တင်ထားသည်။

စည်းကြပ်မည့် ရာဖြတ်တန်ဖိုးအသစ်ကြောင့် မော်တော်ယာဉ်အမျိုးအစားပေါ်မူတည်၍ ကျပ် ၃ သိန်းမှ သိန်း ၂၀ ကျော်အထိ အပြောင်းအလဲရှိမည်ဖြစ်ကြောင်း သိရသည်။ **ဟိန်းသူ**

## ၂၀၁၇ ခုနှစ်အတွင်း ဖမ်းဆီးရရှိသည့် သစ်တန်ချိန်လျော့ကျလာ

**မြင့်မြတ်အောင်မြင်**

ပဲခူးတိုင်းဒေသကြီး၊ ပဲခူးရိုးမအတွင်း ၁၀ နှစ်တာ သစ်ထုတ်လုပ်မှုရပ်ဆိုင်းခဲ့ပြီး ၁၀ နှစ်တာ သစ်တောပြုပြင်ထိန်းသိမ်းရေးစီမံချက်ဖြင့် ၂၀၁၆ ခုနှစ်မှစတင်ကာ သစ်တောထိန်းသိမ်းရေးလုပ်ငန်းများကို ဆောင်ရွက်ခဲ့သကဲ့သို့ ပဲခူးတိုင်းဒေသကြီးအတွင်း တရားမဝင်သစ်ဖမ်းဆီးမှုများကိုလည်း အရှိန်အဟုန်မြှင့်ဆောင်ရွက်နေခြင်းကြောင့် တရားမဝင်သစ်ဖမ်းဆီးရရှိမှု ပိုမိုများလာသော်လည်း ယခုနှစ်အတွင်း ဖမ်းဆီးရရှိသော တရားမဝင်သစ်တန်ချိန်က လျော့နည်းသွားကြောင်း ပဲခူးတိုင်းသစ်တောဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဇော်ဝင်းမြင့်က ပြောသည်။

ပဲခူးတိုင်း သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးက 'တရားမဝင်သစ်ဖမ်းဆီးရေး တိုးမြှင့်ဆောင်ရွက်တာကြောင့် တရားမဝင်သစ်သယ်ဆောင်မှုခက်ခဲသွားပြီး ကားငယ်များ၊ ဆိုင်ကယ်များဖြင့်သာ ခက်ခက်ခဲခဲ တရားမဝင်သစ်သယ်ဆောင်ရတာကြောင့် တရားမဝင်သစ်ဖမ်းဆီးရရှိမှု လျော့နည်းသွားတာဖြစ်ပါတယ်' ဟုပြောကြားခဲ့သည်။

သစ်ထွက်ရှိသော သဘာဝတောများအတွင်း တရားမဝင်လွှစက်များဖြင့် လုပ်ကိုင်နေသူများ ပေါများသလို တရားမဝင်လိုင်စင်မဲ့ကားများဖြင့် သယ်ယူနေခြင်းများက တရားမဝင်သစ်ထုတ်ယူခြင်း၏ အဓိကပြဿနာများဖြစ်ပြီး တရားမဝင်သစ်ဖမ်းဆီးရေးများကို သစ်တောဦးစီးဌာနတစ်ခုတည်းသာမဟုတ်ဘဲ သက်ဆိုင်ရာအာဏာပိုင်များ၊ ဒေသဆိုင်ရာအုပ်ချုပ်ရေးတာဝန်ရှိသူများကပါ ပူးပေါင်းရန်လိုအပ်ကြောင်း ဦးဇော်ဝင်းမြင့်က ပြောကြားခဲ့သည်။

ပဲခူးတိုင်းဒေသကြီး၊ ပဲခူးရိုးမအတွင်း၌ ၁၀ နှစ်တာ သစ်ထုတ်လုပ်မှုရပ်ဆိုင်းထားသလို ပဲခူးရိုးမအတွင်း သစ်တောဧရိယာ ပြန်လည်ဖုံးလွှမ်းရေးအတွက် လူထုဖြန့်ပျိုးပင် ၁၄ သိန်းခန့်ဖြန့်ဝေထားပြီး ပြည်သူလူထုပါဝင်သော ဒေသအစုအဖွဲ့ပိုင် သစ်တောများ၊ ပုဂ္ဂလိကစိုက်ခင်းများ၊ စိုက်ပျိုးမှုများကိုအားပေးနေပြီး နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှုများလည်း ပြုလုပ်နေကြောင်း ပဲခူးတိုင်းသယံဇာတ၊ သစ်တောနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဦးကျော်မင်းဇံက ပြောသည်။

ပဲခူးတိုင်းဒေသကြီးအတွင်း နှစ်စဉ်တရားမဝင်သစ်တန်ချိန် ၅,၀၀၀ မှ ၆,၀၀၀ အတွင်း ဖမ်းဆီးရရှိခဲ့ပြီး ယခု ၂၀၁၇ ခုနှစ်အတွင်း တရားမဝင်သစ်ဖမ်းဆီးမှု မှုခင်းအရေအတွက်များ လာသော်လည်း ဖမ်းဆီးရရှိသော သစ်တန်ချိန် လျော့နည်းသွားကြောင်းနှင့်အထူးသဖြင့် ယခုနှစ်ပဲခူးခရိုင်နှင့် သာယာဝတီခရိုင်အတွင်း သစ်ဖမ်းဆီးရရှိမှု သစ်တန်ချိန် ၄၅၀ ခန့် လျော့နည်းသွားကြောင်း ပဲခူးတိုင်းသစ်တောဦးစီးဌာန ညွှန်ကြားရေးမှူး၏ပြောကြားချက်အရ သိရသည်။

## ကိုရီးယားကျောင်းကားများ စက်တင်ဘာလတွင် ပြေးဆွဲမည်

ရန်ကုန်တိုင်းဒေသကြီးအစိုးရသည် ကျောင်းကားများပြေးဆွဲရန်အတွက် လိုအပ်သည့်ကားများကို ကိုရီးယားနိုင်ငံမှဝယ်ယူထားပြီး စက်တင်ဘာလတွင် စတင်ပြေးဆွဲမည်ဖြစ်ကြောင်းသိရသည်။

ကျောင်းကားပြေးဆွဲမည့် စီမံကိန်းတွင် အစိုးရမှရင်းနှီးကျပ်ငွေ ၅ ဘီလီယံပါဝင်ပြီး ရွှေလက်ကျောင်းကားလုပ်ငန်း အများပိုင်ကုမ္ပဏီမှ တာဝန်ယူပြေးဆွဲလုပ်ကိုင်မည်ဖြစ်သည်။ လက်ရှိတွင် ယာဉ်မောင်းခေါ်ယူမှုများကို ပြုလုပ်လျက်ရှိပြီး ထိုသို့ခေါ်ယူရာ၌ အမျိုးသမီးယာဉ်မောင်းများကို ဦးစားပေးခေါ်ယူမည်ဖြစ်ရာ အမျိုးသမီးယာဉ်အကူများကိုပါ ထည့်သွင်းခန့်အပ်မည်ဖြစ်ကြောင်း သိရသည်။

ယခုစာသင်နှစ်မှစတင်၍ ကျောင်းကြို/ကျောင်းပို့ဆောင်ရွက်နေသည့် လိုက်ထရပ်ယာဉ်များကို ဖြည်းဖြည်းချင်း ဖယ်ထုတ်သွားမည်ဖြစ်သည်။ ကျောင်းကားပြေးဆွဲ ရန် အတွက် ကားအစီးနှစ်ရာကိုလျာထားပြီး GPS နှင့် CCTV များ တပ်ဆင်ပြေးဆွဲမည်ဖြစ်ကြောင်း သိရသည်။ **ဝင်းမြင့်ဦး**



# အဝလွန်ခြင်းကိုထိန်းပေးသော အစားအစာများ (Diet Control)

ဒေါက်တာလွင်သန့်

လူသားတို့စားသုံးနေကျ အစားအာဟာရ (၃) မျိုးရှိသည်။

(၁) ခန္ဓာကိုယ်ကြီးထွားဖွံ့ဖြိုးစေသော အုပ်စုမှာ အသား၊ ငါး၊ ပုစွန်၊ နို့ထွက်ပစ္စည်း၊ ပဲအမျိုးမျိုးပါဝင်သည်။

(၂)ခန္ဓာကိုယ်အတွက်အားအင်ဖြစ်စေသောအုပ်စုမှာ ဆန်၊ ဂျုံ၊ ပြောင်း၊ ကန်စွန်းဥ၊ ပိန်းဥ၊ သကြားပါဝင်သည်။

(၃)ခန္ဓာကိုယ်အတွင်းအပြင် ရောဂါဘေးအန္တရာယ်အပေါင်းမှ ကာကွယ်ပေးသော ဟင်းသီးဟင်းရွက်များ၊ အသီးအနှံများ၊ သစ်သီးဝလံများပါဝင်သော အုပ်စုတို့ဖြစ်ကြသည်။



အဝလွန်ခြင်း ထိန်းပေးသောအစားအချို့မှာ အသီးအနှံများ၊ သစ်သီးဝလံများပါဝင်သောအုပ်စုတို့ဖြစ်ကြသည်။ အဝလွန်ခြင်း ထိန်းပေးသော အစားအချို့မှာ-

**ခရမ်းချဉ်သီး။** ဟင်းသီးဟင်းရွက်ထဲတွင် ခရမ်းချဉ်သီးသည် အာဟာရကြွယ်ဝပြီး ဆေးဘက်ဝင်သောအစားအစာဖြစ်သည်။ ခရမ်းချဉ်သီးကို မချက်မပြုတ်၊ အစိမ်းလိုက်၊ အတို့အမြုပ်လုပ်စားလျှင် ဗီတာမင်စီဓာတ်ကို မပျက်မစီးရရှိနိုင်သည့်အပြင် အခြားအရေးပါသော သက်စောင့်ဓာတ်ကိုရရှိစေသည်။

ခရမ်းချဉ်သီးကို ဘယ်လိုပဲစားသုံးပါစေ အကျိုးရှိပါသည်။ လိုင်ကော်ပင်းဓာတ် (Lycopene) သည် အာနိသင် (၂) ဆ ရရှိစေနိုင်သည်။ လိုင်ကော်ပင်းသည် ကင်ဆာတိုက်ဖျက်ရာတွင် ပါဝင်သော အားပြင်းဓာတ်တိုးဆန့်ကျင်ပစ္စည်းဖြစ်သည်။ ခရမ်းချဉ်သီးအမြဲပါအောင်စားသုံးလျှင် အဝလွန်ရောဂါ၊ ဆီးကျိတ်ရောဂါ၊ ရင်သားကင်ဆာ၊ သားအိမ်ခေါင်းကင်ဆာ၊ အဆုတ်ကင်ဆာ၊ ပန်ကရိယကင်ဆာ၊ အူမကြီးကင်ဆာ၊ စအိုကင်ဆာ၊ ခံတွင်းကင်ဆာ၊ လည်ချောင်းကင်ဆာ၊ အရေပြားကင်ဆာ ကင်းဝေးနိုင်သည်။

လိုင်ကော်ပင်းဓာတ်သည် ခရမ်းချဉ်သီးကို အနီရောင်ဖြစ်စေသောဓာတ်ဖြစ်သဖြင့် ခရမ်းချဉ်သီး အနီရောင်စားပေးပါက ခန္ဓာကိုယ်တွင်ဆဲလ်များကို ကင်ဆာမကူးစက်စေရန်နှင့်မပျံ့နှံ့စေရန်ကာကွယ်ပေးသည်။ ခရမ်းချဉ်သီး၊ မုန်လာဥနီ၊ မုန်ညင်းရွက်၊ ဟင်းနုနွယ်ရွက်တို့မှာ အမျှင်ဓာတ်များစွာပါပြီးစားသုံးပါက ဆာလောင်မှုပျောက်စေကာ အဝလွန်ခြင်းထိန်းပေးသည်။

**ပင်လယ်ငါး** (Sea fish)။ ပင်လယ်ငါးမှရသော အဆီသည် ကယ်လိုရီနည်းပါးသဖြင့် အဝလွန်ခြင်းကာကွယ်ပေးသည်။ ပင်လယ်ငါးရှိအဆီများတွင် အိုမီဂါ (၃) (Omega-3)၊ ဖက်တီအက်ဆစ် (Fatty acid) ပါဝင်တာကြောင့် ကျန်းမာရေးအတွက် အကျိုးထူးများရနိုင်သည်။ အဆီများသော ပင်လယ်ငါးကိုစားပါက အဝလွန်ရောဂါ၊ နှလုံးသွေးကြောကျဉ်းရောဂါ၊ အရိုးအဆစ်ရောင်ရမ်းနာ၊ ဆီးချို၊ နာတာရှည်အရေပြားရောဂါနှင့် ရုတ်တရက်နှလုံးတိုက်ခိုက်မှုကြောင့် အသက်ဆုံးရှုံးနိုင်သော ပြဿနာများ လျော့နည်းသက်သာစေနိုင်ပါသည်။

ပင်လယ်ငါးတွင် ဝေလငါး၊ ပင်လယ်ဖျံ၊ ဆော်လမွန်ငါး၊ မက်ကာရင်းငါး၊ တူနာနှင့်အခြားငါးများပါဝင်သည်။ ပင်လယ်ငါးလုံးဝမစားသူများထက် ပင်လယ်ငါး တစ်ပတ်တစ်ကြိမ်စားသူများက ကိုယ်အလေးချိန်နှစ်ပေါင်လျော့နည်းစေသည်။ နှလုံးခုန်နှုန်းမမှန်ခြင်းသည်အိုမီဂါ (၃) အဆီအက်ဆစ်နှင့်ဟင်းချက်ဆီထုတ်လုပ်သည့် အစေ့အဆန်များမှရရှိနိုင်သော အိုမီဂါ (၆) အဆီအက်ဆစ်တို့ပါဝင်မှု ဟန်ချက်ညီမျှမှုမရှိသောကြောင့်ဖြစ်သည်။

**ကြက်ဥ။** ကြက်ဥစားခြင်းက ကျန်းမာရေးကို ဥပဒ်ဖြစ်စေသဖြင့် မကောင်းဟုဆိုကြသော်လည်း ကြက်ဥတွင်အမျှင်ဓာတ်နှင့်ပရိုတိန်းဓာတ်သည် ဆာလောင်မှုပြေပျောက်စေသည့် ကိုယ်အလေးချိန်ဝိတ်လျော့အစားများကဲ့သို့ ထိရောက်စေသည်။

**ချင်း။** ချင်းသည်အလွန်အစွမ်းထက်သော ဓာတ်တစ်မျိုးဖြစ်သည်။ ချင်းတက် (သို့) ချင်းထွက်ပစ္စည်းအစားအသောက်များကို ပုံမှန်စားသုံးပေးပါက ခန္ဓာကိုယ်အလေးချိန်ကို ကျစေနိုင်သည်။ အဝလွန်ခြင်းကိုထိန်းပေးသည်။ အူရောင်ရမ်းမှုကို လျော့ပါးသက်သာစေသည်။ ချင်းကို အမျိုးမျိုးသုံးနိုင်သည်။ ချင်းပြုတ်ရည်၊ ချင်း၊ ကွမ်းရွက်၊ ထန်းလျက်ပြုတ်ရည်က ကိုယ်အလေးချိန်ကျစေသလို အဖျားရောဂါကင်းသည်။ ချင်းပြုတ်ရည်ဖြင့် ရေချိုးပါက ကြွက်သားများနာကျင်ကိုက်ခဲခြင်း၊ တင်ခြင်း၊ အရေပြားပေါ်အဖုအထစ်ထွက်ခြင်း၊ ကြမ်းခြင်းနှင့် ခန္ဓာကိုယ်နုံးချိမောပန်းခြင်း၊ ညောင်းညာခြင်းတို့မှ ကင်းဝေးပါသည်။

**သရက်သီး။** သရက်သီးတစ်စိတ်က နေ့စဉ်ဗီတာမင်အေလိုအပ်မှု၏ ၂၅% ဖြည့်ဆည်းပေးသည်။ မျက်စိအမြင်ကောင်းစေသည်။ မျက်စိနှင့်ပတ်သက်သောအတွင်းအပြင်ရောဂါကောင်းစေပါသည်။ သရက်သီးတွင် အစာခြေအင်ဇိုင်းများပါဝင်သောကြောင့် အစာချေဖျက်ရာတွင် အစွမ်းထက်သည်။ အစာအိမ်ထဲတွင်အက်ဆစ်ဓာတ်လွန်ကဲမှုကာကွယ်ပေးကာ အမျှင်ဓာတ်အများအပြားပါဝင်သဖြင့် ဝမ်းချုပ်ခြင်းကင်းပြီး ဓာတ်လေးပါးကိုမှန်စေသည်။

သရက်သီးတွင်ပါဝင်သည့် ဂလူတာမိတ် အက်ဆစ်(Glumic Acid) သည်ဦးနှောက်ဖွံ့ဖြိုးမှုကောင်းစေသည်။ ကလေးငယ်များဦးနှောက်တည်ဆောက်မှုကို အကျိုးဖြစ်စေပြီးကလေးများ၏ မှတ်ဉာဏ်ပိုကောင်းစေသည်။ လူကြီးများ 'သတိမေ့ခြင်း' ကို ကာကွယ်ပေးသည်။ သရက်သီးစိတ်လှီးပြီး မျက်နှာပေါ် ၁၀ မိနစ်ကပ်ထားပါက ချွေးပေါက်များပွင့်စေသည်။

ဗာဒံစေ့ (ALMONDS)။ ဗာဒံစေ့သည် လူကြီးလူငယ်များသည်အဆာပြေစားသော သရေစာဖြစ်သည်။ ဗာဒံစေ့ကို တစ်နေ့လက်တစ်ဆုပ်စာခန့်စားသုံးခြင်းက အဝလွန်ခြင်းကာကွယ်ပေးနိုင်သည်။ မကောင်းသော အဆီဓာတ်များကျစေပြီး ကောင်းသော HDL ကိုလက်စထရောမြင့်စေသည်။ နှလုံးအဆီဖုံးရောဂါ၊ သွေးကြောကျဉ်းရောဂါ၊ လေဖြတ်ရောဂါစသော ရောဂါများသက်သာစေသည်။ ဗာဒံစေ့ကို နေ့စဉ် (သို့) တစ်ပတ်အနည်းဆုံး (၃) ကြိမ်အထိစားသုံးပေးသင့်ပါသည်။

ဗာဒံစေ့တစ်အောင်စတွင် ကယ်လိုရီ (၁၆၇) ဂရမ်၊ ပရိုတိန်း (၆) ဂရမ်၊ ဖိုင်ဘာအမျှင်ဓာတ် (၃) ဂရမ်ပါဝင်နေသဖြင့် အာဟာရဓာတ်ပြည့်ပြည့်ဝဝရရှိစေပြီး ဆာလောင်မွတ်သိပ်မှုကိုပြေပျောက်စေနိုင်သောကြောင့် ခန္ဓာကိုယ်အဆီတက်ခြင်း၊ အဝလွန်ခြင်းကာကွယ်ပေးသည်။ အစာအာဟာရကိုမထိခိုက်စေဘဲ ကိုယ်အလေးချိန်ကျစေနိုင်ပါသည်။

**ပန်းသီး** (Apple)။ ပန်းသီးတွင် အမျှင်ဓာတ် (Fiber) ပေါ်ကြွယ်ဝစွာပါဝင်နေသဖြင့်စားရန် အလွန်သင့်လျော်သောဓာတ်စာအသီးဖြစ်သည်။ ဖိုင်ဘာဓာတ်သည် အစာချေဖျက်ပေးသောလုပ်ငန်းကိုကောင်းစေသည်။ ဝမ်းချုပ်၊ ဓာတ်ချုပ်ကာကွယ်ပေးပြီး ဝမ်းကိုမှန်စေသောကြောင့် အစာအိမ်ရောဂါ၊ လိပ်ခေါင်းရောဂါများမှ ကင်းဝေးစေသည်။ မကောင်းသော ကိုလက်စထရော LDL အဆီဓာတ်များကို လျော့နည်းစေပြီး၊ ကောင်းသော HDL ကိုလက်စထရောအဆီပမာဏကို မြင့်မားစေနိုင်သောကြောင့် ရောဂါဘယအမျိုးမျိုးတို့မှ ကင်းဝေးစေနိုင်ပါသည်။

ပန်းသီးကိုနေ့စဉ်စားသုံးပေးခြင်းဖြင့် ကယ်လိုရီမတက်စေဘဲ၊ ဆာလောင်မွတ်သိပ်မှုကို ပြေပျောက်အဆာခံနိုင်စေသောကြောင့် ခန္ဓာကိုယ်အလေးချိန်တက်ခြင်းမှ ကာကွယ်ပေးပါသည်။ အဝလွန်ခြင်းကို လျော့ကျစေနိုင်သည်။ အဆီတိုး၊ အဆီတက်ခြင်းတို့မှ ကင်းဝေးစေသည်။ ရောဂါဘယအမျိုးမျိုးတို့မှလည်း ချမ်းသာရစေနိုင်ပါသည်။

ခန္ဓာကိုယ်အဝလွန်ခြင်းဘေးမှကင်းဝေးစေနိုင်ပြီး အစာအာဟာရဓာတ်များမလျော့မပျက်စေဘဲ ဘေးထွက်ဆိုးကျိုးအန္တရာယ်ကင်းကင်းဖြင့် ကျန်းမာအသက်ရှည်စေရန် အဆီတိုးဝစေခြင်းကိုလျော့နည်းစေနိုင်သော အစားအစာများကို ရွေးချယ်စားသုံးသင့်ပါသည်။

'အစာလည်းဆေး၊ ဆေးလည်းအစာ' ဆိုထားသဖြင့် အောဂဲနစ်ထွက် ဟင်းသီးဟင်းရွက်နှင့်သစ်သီးများ၊ ငါးများများများစားပေးသင့်ပါသည်။



# အန္တာတိကတိုက်၏ ရေခဲပြင်ကြီးများအောက်တွင် မီးတောင်များတွေ့ရှိ



အန္တာတိကတိုက် အနောက်ပိုင်းရှိ ထူထဲသောရေခဲပြင်ကြီးများ၏ အောက်ခြေတွင် မီးတောင် ၉၁ လုံး ဖုံးကွယ်တည်ရှိနေကြောင်းကို သိပ္ပံပညာရှင်များက တွေ့ရှိခဲ့သည်။ ယခင်က ကမ္ဘာ့အများဆုံးမီးတောင်များတည်ရှိရာဒေသအဖြစ် အာဖရိကအရှေ့ပိုင်း ကီလီမနာဂျာရို (Mount Kilimanjaro) ဒေသကို သတ်မှတ်ခဲ့ပါသည်။ အန္တာတိကတိုက်ဒေသတွင် ယခုကဲ့သို့ ရေခဲပြင်အောက်မီးတောင်များ တွေ့ရှိမှုကြောင့် အဆိုပါဒေသသည် ကမ္ဘာပေါ်တွင်မီးတောင်များ တည်ရှိမှု အသိပ်သည်းဆုံးဒေသ တစ်ခုအဖြစ် ရောက်ရှိသွားကြောင်း သုတေသနပြုလုပ်သူ အီဒင်ဘာ တက္ကသိုလ်မှ သုတေသနပညာရှင်များက ဂါဒီယန်းသတင်းစာသို့ပြောကြားသည်။

ယခင်က အန္တာတိကတိုက်အနောက်ပိုင်းဒေသတွင် ရေခဲပြင်အောက် မီးတောင် ၄၇ လုံးကိုတွေ့ရှိခဲ့ပြီး ယခုထပ်မံတွေ့ရှိမှုများအရ အရေအတွက် ၂ ဆခန့် ပိုမိုများပြားလာကြောင်းတွေ့ရှိရသည်။ နောက်ဆုံးတွေ့ရှိရသည့်မီးတောင်မှာ အမြင့် ၂.၄ မိုင်ခန့်အထိရှိနေသည်။ ယခုကဲ့သို့ ရေခဲပြင်အောက်မီးတောင်များ တွေ့ရှိရခြင်းနှင့်ပတ်သက်၍ အဆိုပါ မီးတောင်များ ပေါက်ကွဲနိုင်မည့် အခြေအနေ ရှိ/မရှိဆိုသည်ကို သုတေသနပညာရှင်များမှ ဆက်လက်လေ့လာဆောင်ရွက်သွားမည်ဖြစ်သည်။ ယခုတွေ့ရှိသောရေခဲပြင်အောက် မီးတောင်များအနက်မှ မီးတောင် ၁ လုံးသာပေါက်ကွဲခဲ့လျှင် အန္တာတိကတိုက်အနောက်ပိုင်းရှိ ရေခဲပြင်ကြီးများကို အကြီးအကျယ်ပျက်စီးစေမည်ဖြစ်ကြောင်း သုတေသနအဖွဲ့ဝင် ရောဘတ်ဘင်ဂမ်က ပြောကြားသည်။ မီးတောင်များ ပေါက်ကွဲပါက အကျိုးဆက်အနေဖြင့် ရေခဲများအရည်ပျော်ပြီး ကမ္ဘာ့ပင်လယ်ရေမျက်နှာပြင် မြင့်တက်မှုကို ပိုမိုဖြစ်ပေါ်စေမည်ဖြစ်သည်။

သုတေသနပညာရှင်များအနေဖြင့် အန္တာတိကတိုက်ရေခဲပြင်အား ရေဒါနည်းပညာအသုံးပြု၍ ရေခဲပြင်အောက်မီးတောင်များ ဖြစ်ထွန်းမှုအခြေအနေကို အချက်အလက်များကောက်ယူဆောင်ရွက်ခဲ့ကြခြင်းဖြစ်သည်။ သုတေသနအချက်အလက်များအရ အန္တာတိကတိုက်ရေခဲပြင်များအောက်ခြေတွင် မီးတောင်ဖြစ်ပေါ်လာနိုင်သည့် ကတော့ပုံသဏ္ဍာန် (Cone Shape) မြေလွှာဖြစ်ပေါ်မှုများ ၁၇၈ ခုကို တွေ့ရှိခဲ့ပြီး ၎င်းတို့အနက်မှ ၁၃၈ ခုမှာ ရေခဲပြင်အောက်မီးတောင်များ ဖြစ်လာနိုင်မည်ဟု အတည်ပြုခဲ့သည်။ အဆိုပါမီးတောင်များ၏လှုပ်ရှားမှုမှာ အန္တာတိကတိုက်၏အရည်ပျော်နေသည့် ရေခဲပြင်ကြီးများ၏ အခြေအနေနှင့်ပတ်သက်၍ ဆက်စပ်မှုရှိ/မရှိကို မသိရှိနိုင်သေးကြောင်း၊ သို့သော် ရေခဲပြင်အောက်မီးတောင်များအပေါ်ရှိ ရေခဲလွှာများ အရည်ပျော် ပျောက်ဆုံးနေခြင်းနှင့် ပတ်သက်၍ ဆက်လက်လေ့လာဆောင်ရွက်သွားမည်ဖြစ်သည်။ ရေခဲပြင်မီးတောင်များ ပိုမိုလှုပ်ရှားသက်ဝင်လာမှုနှင့် မီးတောင်ပေါက်ကွဲရန်အတွက် မီးတောင်များအတွင်း ဖိအားများ ဖြစ်ပေါ်လာမှုအခြေအနေကို သုတေသီများမှဆက်လက်လေ့လာဆောင်ရွက်လျက်ရှိပါသည်။

Source : http//www. msn. com

မြတ်ဇော်

# နေကြတ်ခြင်းဖြစ်စဉ်ကို မြောက်အမေရိကတိုက်တွင် နေထိုင်သူများတွေ့မြင်ခဲ့ရ

**နေအပြည့်ကြတ်ခြင်း (Total Solar Eclipse)။**

နေအပြည့်ကြတ်ခြင်း (Total Solar Eclipse) ဖြစ်စဉ်ကို ဩဂုတ်လ ၂၁ ရက်နေ့တွင် အမေရိကန်ပြည်ထောင်စု၏ ပြည်နယ် (၁၄) ခုမှ ပြည်သူများအနေဖြင့် တွေ့မြင်နိုင်သည့်အခွင့်အရေးရရှိခဲ့သည်။ နေအပြည့်ကြတ်ခြင်း လမ်းကြောင်း Path of totality အတွင်း ကျရောက်သောဒေသများတွင် အဆိုပါဖြစ်စဉ်ကို လက နေကိုအပြည့်အဝ ဖုံးကွယ်ထားသည့်အနေအထားဖြင့်တွေ့မြင်ခဲ့ရသည်။

နေကြတ်ခြင်းဖြစ်စဉ်သည် နေနှင့်ကမ္ဘာအကြား လက ဖြတ်သန်းသွားသည့်အခါ လ၊ နေနှင့်ကမ္ဘာတို့တစ်တန်းတည်း ကျရောက်သည့်အချိန်တွင် ဖြစ်ပေါ်ပါသည်။

**နေတစ်စိတ်တစ်ပိုင်းကြတ်ခြင်း (Partial Solar Eclipse) ၏ ဖြစ်စဉ်အဆင့်ဆင့်။**

နေအပြည့်ကြတ်ခြင်း လမ်းကြောင်းကျရောက်ရာဒေသများ တစ်လျှောက် မိုင် ၇၀ အကျယ် အကွာအဝေးအတွင်း ရှိသူများအနေဖြင့် နေအပြည့်အဝကြတ်ခြင်းကို မမြင်ရဘဲနေတစ်စိတ်တစ်ပိုင်းကြတ်ခြင်း (Partial Solar Eclipse) ကိုသာ တွေ့မြင်ခဲ့ရပါသည်။ နေတစ်စိတ်တစ်ပိုင်းကြတ်ခြင်းဖြစ်စဉ်ကို ကြည့်ရှုရသူများကအနေဖြင့် လက နေကိုအပြည့်အဝ ဖုံးကွယ်သွားသည်ကိုမြင်ရမည်မဟုတ်ဘဲ နေ၏တစ်စိတ်တစ်ပိုင်းကိုသာ လက ဖုံးကွယ်ထားသည်ကိုမြင်ရမည်ဖြစ်သည်။

**နေတစ်စိတ်တစ်ပိုင်းကြတ်ခြင်း (Partial Solar Eclipse) ကိုမျက်စိဖြင့် တိုက်ရိုက်ကြည့်ရှု၍ရပါသလား။**

နေတစ်စိတ်တစ်ပိုင်းကြတ်ခြင်းတွင် နေကိုလကအပြည့်အဝဖုံးကွယ်သွားခြင်းမရှိသောကြောင့် နေတစ်စိတ်တစ်ပိုင်းကို တွေ့မြင်နေရမည်ဖြစ်သည်။ နေတစ်စိတ်တစ်ပိုင်းကြတ်ခြင်းကို မျက်စိဖြင့်တိုက်ရိုက်ကြည့်ရှုပါက မျက်စိများထိခိုက်နိုင်ပါသည်။ နေကြတ်ခြင်းကိုကြည့်ရန် အထူးပြုလုပ်ထားသည့်မျက်မှန်များ Eclipse Glasses ဖြင့်သာ ကြည့်ရှုသင့်ပါသည်။ ကမ္ဘာ့အချို့ဒေသများတွင် နေတစ်စိတ်တစ်ပိုင်းကြတ်ခြင်းဖြစ်စဉ်ကို တစ်နှစ်လျှင် ၂ ကြိမ်ခန့် မြင်တွေ့ရမည်ဖြစ်ပြီး နှစ်အလိုက်အကြိမ်အနည်းငယ်ကြုံတွေ့ရနိုင်ပါသည်။ ၂၀၁၁ ခုနှစ်အတွင်း ၄ ကြိမ်အထိရှိခဲ့ပြီး ဝင်ရိုးစွန်းနှင့်နီးသောဒေသများမှ လူများကပိုမိုမြင်တွေ့ရဖွယ်ရှိသည်။

**နေတစ်စိတ်တစ်ပိုင်းကြတ်ခြင်းကို နောင်လာမည့်ကာလများတွင် တွေ့မြင်ရမည့်အခြေအနေရှိပါသလား။**

နောက်တစ်ကြိမ်နေတစ်စိတ်တစ်ပိုင်းကြတ်ခြင်းကို ၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၅ ရက်နေ့တွင် အန္တာတိကတိုက်နှင့်တောင်အမေရိကတိုက်၏အချို့ဒေသများပေါ်တွင် တွေ့မြင်ရမှာဖြစ်ပါသည်။ ၂၀၁၈ ခုနှစ်၊ ဇူလိုင်လ



၁၃ ရက်နေ့တွင် ဩစတြေးလျတိုက်တောင်ပိုင်းဒေသများနှင့် ၂၀၁၈ ခုနှစ်၊ ဩဂုတ်လ ၁၁ ရက်နေ့တွင် တတိယအကြိမ်အနေဖြင့် ဥရောပတိုက်အရှေ့မြောက်ပိုင်းနှင့် အာရှအနောက်မြောက်ပိုင်းဒေသများတွင် ဆက်လက်မြင်တွေ့ရနိုင်မှာဖြစ်ပါသည်။ နောင်လာမည့် နှစ် ၅၀ အတွင်း နေအပြည့်ကြတ်ခြင်း ဖြစ်စဉ်ကို ကမ္ဘာပေါ်ရှိလူများအနေဖြင့် ပြန်လည်တွေ့မြင်ရမှာဖြစ်ပါသည်။

Source: http://time.com

မြတ်ဇော်

**စာမျက်နှာ ၁၃ မှ-**

ဆက်ခဲ့၏။ ကိုယ့်ကိုယ်ကိုယ်ချစ်သော ဝါသနာအလုပ်နှင့် ပရိသတ်များကိုလည်း တေးဂီတရသကိုဖြန့်ကြဲဝေငှပေးနိုင်၊ အကျိုးပြုနိုင်၊ မျှဝေပေးနိုင်သူဖြစ်သွား၏။

ဝါသနာစုံကာ ချစ်ပုံဆန်းသော ကျွန်တော်သည် စာပေအားဖြင့်လည်း စာရေးဆရာယောင်ယောင် လုပ်ပါသည်။ တောကျောင်းမှ ခုနစ်တန်းသာအောင်ဖူးသော်လည်း စာဖတ်အား၊ လေ့လာအား၊ စာဖတ်နာမှုနှင့် စာပေသမားလုပ်မှုဖြစ်ပါသည်။ စာမူတစ်ပုဒ်ဖော်ပြခံရ၍ ရအပ်သော ကျေနပ်ပီတိဖြစ်ရမှုမှာ အလွန်ချိုမြိန်ပါသည်။ မိမိကိုယ်ကိုချစ်၍ ဂုဏ်သိက္ခာအတွက် ကလောင်စွမ်းပြနိုင်ရေးအတွက်သာ အားထုတ်ခြင်းဖြစ်သော်လည်း စာမူခငွေကြေးလည်းရ၏။ 'စာရေးဆရာပဲ ခေသူမဟုတ်' ဟု အထင်ကြီးလေးစားခံရ၏။ နိုင်ငံသိ စာရေးဆရာဖြစ်လာ၏။ စာပေဗိမာန်ဆုပင် နှစ်ကြိမ်ရဖူးသေး၏။ စာဖတ်သူများအား နည်းလမ်းမှန်ကန်သော အသိပညာ၊ ဗဟုသုတနှင့် စာပေရသကို မျှဝေဖြန့်ကြဲ၍ အများကိုအကျိုးပြုနိုင်၊ ပေးဝေနိုင်စွမ်းရှိပါသည်။ ဆိုရသော် . . .။

ကိုယ့်ကိုယ်ကိုယ်သာ စနစ်တကျ ချစ်ပါ။ အများကိုပါ အကျိုးပြုနိုင်စွမ်းရှိလာပါလိမ့်မည်ဟူ၍။

မျက်နှာဖုံးမှ-

# စိတ်ကူးယဉ်သိပ္ပံဇာတ်လမ်းထဲမှ ကိုရီးယားနိုင်ငံဖြစ် Method-2 စက်ရုပ်ကြီး အမှန်တကယ်တွေ့မြင်ရပြီ

လေးမီတာအရှည်ရှိသော စက်ရုပ်ကြီးမှာ ကြောက်မက်ဖွယ်ရာခြိမ်းခြောက်နေသော သဏ္ဍာန်ရှိနေသော်လည်း နျူကလီးယားစွန့်ပစ်ပစ္စည်းများအား ဖယ်ရှားသန့်ရှင်းစေရန်အတွက် အကူအညီပေးနိုင်သောအရာဖြစ်ပါသည်။

'Sigourney Weaver လိုမျိုး ငါဘာကြောင့်များ ခံစားနေရပါလိမ့်' ဟု Jeff Bezos သည် Method-2 စက်ရုပ်ကြီး၏ ထိန်းချုပ်မောင်းနှင်ခန်းအတွင်းထိုင်၍ တွေးတောနေမိသည်။ ၂၀၁၇ ခုနှစ်၊ မတ်လတွင် Palm Springs ၌ ကျင်းပသော MARS ညီလာခံတွင် Amazon Company ၏ တည်ထောင်သူနှင့် CEO ဖြစ်သူ Jeff Bezos သည် Method-2 စက်ရုပ်ကြီး၏ ရွေ့ပြောင်းပုံစံငယ်ကို စမ်းသပ်မောင်းနှင်ခဲ့သည်။ အဆိုပါ Method-2 စက်ရုပ်ကြီးမှာ ၄င်းညီလာခံတွင်ပြသထားသော ပစ္စည်းများအနက် တမူထူးခြားပြောင်မြောက်သော တီထွင်ဆန်းသစ်မှုတစ်ရပ်ဖြစ်ပေသည်။ MARS ဆိုသည်မှာ Machine Learning, Home Automation, Robotics နှင့် Space Exploration တို့၏ ရှေ့ဆုံးစကားလုံးများကို အတိုကောက်ယူ၍ သုံးစွဲထားခြင်းဖြစ်သည်။ ၄ မီတာအမြင့်ရှိသော Method-2 ၏ ကိုယ်ထည်ထဲတွင် တည်ဆောက်ထားသော ထိန်းချုပ်မောင်းနှင်ခန်းမှာ လူတစ်ဦးစာဝင်ဆံ့ရန်အကျယ်သာရှိသည်။

မောင်းနှင်မည့်သူ၏ လက်နှစ်ချောင်းကို Mechanical Lever နှစ်ခုနှင့်ဆက်သွယ်၍ ထို Lever များမှတစ်ဆင့် စက်ရုပ်၏ကြီးမားသော Aluminium လက်နှစ်ဖက်သို့ မောင်းနှင်သူ၏လှုပ်ရှားမှုအား ပို့လွှတ်ကာ ထိန်းချုပ်ပေးနိုင်သည်။ Bezos သည် စက်ရုပ်ကြီးအား စမ်းသပ်မောင်းနှင်ရင်း လက်နှစ်ဖက်အား ခပ်ပြင်းပြင်းလေးလွှဲလိုက်သောအခါ Method-2 စက်ရုပ်ကြီးမှာ ရော့ခ်ဂီတပွဲတော်တစ်ခုမှ အမူးသမားတစ်ဦးကဲ့သို့ ခုန်ပေါက်နေတော့သည်။

အဆိုပါစက်ရုပ်ကြီးမှာ ဘီလျံနာသူဌေးတစ်ယောက်၏ နောက်ပြောင်မှုမှတစ်ဆင့် စက်မှုဒီဇိုင်းပညာရှင် Vitaly Bulgorov ၏ ၂၀၁၄ ခုနှစ်မှစ၍ စတင်စမ်းသပ်သုတေသနပြုခဲ့သော တီထွင်မှု၏နောက်ဆုံးအောင်မြင်မှုရလဒ်ပင်ဖြစ်သည်။



လွန်ခဲ့သော ၁၂ နှစ်ကတည်းကပင် Bulgorov သည် Robocop, Transformers နှင့် World of Carfth တို့ကဲ့သို့သော ရုပ်ရှင်နှင့်ဂိမ်းလုပ်ငန်းများအတွက် ဒီဇိုင်းပုံစံများနှင့် ဇာတ်ကောင်များ ဖန်တီးပေးခဲ့သည်။ တောင်ကိုရီးယားနိုင်ငံ Hankook Mirae Technology မှ CEO ဖြစ်သူ Jin Ho Yang သည် Bulgorov အား ဆက်သွယ်၍ တမူထူးခြားသော 'ရုပ်ပြနှင့်ရုပ်ရှင်များတွင်သာ ဖြစ်နိုင်သော အရာဝတ္ထုတစ်ခုကို တီထွင်ဖန်တီးပေးရန်' တောင်းဆိုခဲ့သည်။ နောက် ၃ နှစ်ကြာသောအခါ အဆိုပါတီထွင်ဖန်တီးမှုရလဒ် ထွက်ပေါ်လာပြီး Method-2 စက်ရုပ်ကြီးမှာ ကောင်းမွန်စွာ အလုပ်လုပ်နိုင်ပြီဖြစ်သည်။ Method-2 မှာ အခြားစက်ရုပ်များကဲ့သို့မဟုတ်ဘဲ ထိန်းချုပ်မောင်းနှင်သူ၏လှုပ်ရှားမှုကို ဘာသာပြန်ပြီး ၄င်း၏ 1.5 Tonnes အလေးချိန်ရှိသော ခန္ဓာကိုယ်ကို တစ်ပြိုင်တည်း ဟန်ချက်ညီညီ လှုပ်ရှားပေးနိုင်သော ကမ္ဘာ့ပထမဆုံးလူဖြင့် ထိန်းချုပ်နိုင်သော Bipedal Robot ဖြစ်သည်။ ထိန်းချုပ်မောင်းနှင်သူက လက်တစ်ချောင်းအား မြှောက်လိုက်သောအခါ Method-2 ကလည်း ၄င်း၏ 30 cm အရှည်လက်ချောင်းကလေးများပါသော 148 kg အလေးချိန်ရှိသည့် လက်တံကို တစ်ပြိုင်တည်းလိုက်၍ မြှောက်ပေး နိုင်သည်။

Bulgorov ၏ အချိန်ကြာမြင့်စွာ အပြင်းအထန်ကြိုးစားအားထုတ်ခဲ့သည့် တီထွင်မှုရလဒ်ကြောင့် Method-2 အား အများပြည်သူရှေ့မှောက်သို့ ချပြလိုက်သောအခါတွင် လူအများ၏စိတ်ထဲတွင် စိတ်အားထက်သန်ဖွယ်၊ ရွှင်မြူးဖွယ်၊ သံသယဖြစ်ဖွယ်ခံစားချက်များနှင့် ရောနှောပြည့်နှက်နေပေတော့သည်။ Hankook Engineering ၏တီထွင်မှုသည် အဆင့်မြင့် Robot အင်ဂျင်နီယာအတတ်ပညာဖြစ်သော်လည်း Method-2 သည် အဆောက်အဦနေရာတစ်ခုအတွင်းမှာပဲ အရက်မူးနေသော ဘီလူးကြီးတစ်ကောင်ကဲ့သို့သာ လမ်းလျှောက်နိုင်ပါသေးသည်။ လမ်းလျှောက်တတ်ခါစကလေးငယ်တစ်ယောက်အား မိဘများက အန္တရာယ်မဖြစ်အောင် ထိန်းကြောင်းပေးသကဲ့သို့ Method-2 အား သံမဏိကြိုးနှစ်ချောင်းနှင့် ဆိုင်းထားပေးရပါသည်။

နောက်တစ်ဆင့်အနေဖြင့် ကုမ္ပဏီမှ Method-2 အား တစ်ကြိမ်အားသွင်းလျှင် ၃ နာရီကြာလမ်းလျှောက်၍ ရနိုင်သောအရှည်အသွေးမြင့်ဘက်ထရီအား တပ်ဆင်ရန်စီစဉ်နေပါသည်။ သို့သော်လည်း ထိုအစီအစဉ်မှာ စက်ရုပ်၏အလေးချိန်သက်ရောက်မှုပေါ်မူတည်၍ လမ်းလျှောက်ဟန်နှင့်ခြေလှမ်းတို့ကို ပိုမိုတိုးတက်ကောင်းမွန်စေမည်မဟုတ်သည့်အပြင် စက်ရုပ်၏ခြေလှမ်းကြောင့် ဖြစ်ပေါ်လာသည့် ကြမ်းခင်း၏တုန်ခါမှုနှင့်ဆူညံသံကိုလည်း တိတ်ဆိတ်စေမည်မဟုတ်ပါ။

မည်သို့ဆိုစေကာမူ Jin Ho အနေဖြင့် သူ၏ကုမ္ပဏီတွင် SKW 242 Billion အား ရင်းနှီးမြှုပ်နှံ၍ Method-2 အား ပိုမိုကောင်းမွန်စေရန် လုပ်ဆောင်လျက်ရှိသည်။ အဆိုပါ Method-2 အား ၂၀၁၇ ခုနှစ် နှစ်ကုန်ပိုင်းတွင် Fukushima ကဲ့သို့ အန္တရာယ်ရှိသော နေရာများတွင် ကြွင်းကျန်ရစ်သော နျူကလီးယားအညစ်အကြေးများအား ဖယ်ရှားရာတွင်အသုံးပြုရန်အတွက် ရောင်းချရန်မျှော်လင့်လျက်ရှိသည်။ (Hankook မှ အင်ဂျင်နီယာများသည် ရေဒီယိုသတ္တိကြွမှုကာကွယ်ရေးတွင် လုပ်ဆောင်လျက်ရှိသည်။) ထို့အပြင် Method-2 တွင် တီထွင်ဖန်တီးအသုံးပြုထားသော အစိတ်အပိုင်းများကိုလည်း စက်မှုလုပ်ငန်းများတွင် ရောင်းချရန်ရည်ရွယ်လျက်ရှိသည်။

Method-2 စက်ရုပ်သည် စိတ်ကူးယဉ်သိပ္ပံဇာတ်လမ်းမှ ပစ္စည်းတစ်ခု (သို့) ဘီလျံနာသူဌေးတစ်ယောက်၏ ကစားစရာတစ်ခုမျှသာဖြစ်သော်လည်း နောင်အနာဂတ်တွင် ကမ္ဘာ့အကြမ်းတမ်းဆုံးနေရာများ၊ လူအများ လက်လှမ်းမမီနိုင်သောနေရာများသို့သွားရောက်၍ လူသားများအား အကူအညီပေးရန်အတွက် မရှိမဖြစ်လိုအပ်လာနိုင်မည်ဖြစ်ပါသည်။

http://www.wired.co.uk/article/method-2-korean-megabot-nuclear-cleanup

**ကိုနေ**



# မြန်မာအမျိုးသမီးလေယာဉ်မှူး US ကောင်းကင်ယံတွင် မောင်းနှင်နေပြီ

မြန်မာအမျိုးသမီးလေယာဉ်မှူးဖြစ်သူ Genbette Susan သည် လက်ရှိတွင် အမေရိကန်နိုင်ငံလေကြောင်းလိုင်းတစ်ခု၌ တာဝန်ထမ်းဆောင်နေကြောင်းသိရသည်။

သူမသည် ဇူလိုင်လ ၂၉ ရက်နေ့က Florida မှ Califonia ထိ ခရီးစဉ်ကို အောင်မြင်စွာမောင်းနှင်ပျံသန်းနိုင်ခဲ့သည်။ အဆိုပါခရီးစဉ်မှာ နာရီ ၂၀ ကြာမြင့်ရာ ခရီးစဉ်တစ်လျှောက်အဆင်ပြေချောမွေ့စွာ မောင်းနှင်နိုင်ခဲ့ပြီး မြန်မာလူမျိုးတစ်ယောက်အနေဖြင့် အမေရိကန်ဝေဟင်ထက် ကမ္ဘာ့အလယ်တွင် မြန်မာဆိုသည့်ဂုဏ်ကို ချပြနိုင်ခဲ့သည်။ 'ကျောင်းတုန်းကလည်း တက္ကသိုလ်မှာပထမရခဲ့တယ်။ Ph.D (Bio-chemistry) ကို Scholar အပြည့်နဲ့ တက်ခွင့်ရခဲ့တယ်။ ဘဝကိုထိပ်ဆုံးရောက်အောင်ကြိုးစားနေတယ်။ ကိုယ့်မြန်မာလူမျိုးအချင်းချင်း ဘယ်သူ့ကိုမှ မပြိုင်ချင်ဘူး။ ကျွန်မပြိုင်ချင်တဲ့သူက ကမ္ဘာ့အလယ်မှာ မြန်မာကိုနေရာမပေးချင်တဲ့သူတွေဖြစ်တယ်' ဟု Genbette Susan က ဖွင့်ဟပြောကြားခဲ့သည်။

မြန်မာအမျိုးသမီးလေယာဉ်မှူးသည် ယခုကဲ့သို့အခြေအနေရောက်ရှိရန်အတွက် အချိန်၊ လုံ့လဝီရိယတို့ဖြင့် ရင်းနှီးမြှုပ်နှံကြိုးစားရုန်းကန်ခဲ့ရသည်။

**လေးမောင်မောင်**

စက်မှုအလင်းဂျာနယ်
Beacon of Industry Journal

## နေအိမ်မဲ့ ဒုက္ခသည်များအတွက် ပရဟိတအသင်းများကတစ်ဆင့် အလှူရှင်များလှူဒါန်းခဲ့

ဧရာဝတီမြစ်ရေတိုက်စားရာက နေ ကမ်းပါးပြိုမှုများဖြစ်ခဲ့သော ကြောင့် နေအိမ်များရွှေ့ပြောင်းနေရ သောမကွေးတိုင်းဒေသကြီး ပခုက္ကူ မြို့နယ်၊ အနောက်သီရိကျေးရွာက နေအိမ်မဲ့ဒုက္ခသည်များအတွက် အလှူရှင်များ၏ လှူဒါန်းငွေများကို မင်္ဂလာပါ ပရဟိတအသင်းက တစ်ဆင့်ပေးအပ်ခဲ့ကြောင်းသိရသည်။

ထို့အပြင် ဖိုက်ပလပ်က ရေဘေး သင့်မှု နောက်ဆက်တွဲအကူအညီ လိုအပ်နေသူများကို စစ်တမ်း ကောက်ပြီးအလှူရှင်များနှင့်ချိတ်ဆက် ပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ဖိုက်ပလပ်ကတစ်ဆင့် လှူဒါန်း လာသောအလှူငွေများကို ရန်ကုန် အခြေစိုက်ပရဟိတလူငယ်များအဖွဲ့ နှင့် မင်္ဂလာပါလူငယ်ပရဟိတ အသင်းတို့က လက်ခံခဲ့ပြီး၊ ဧရာဝတီ တိုင်းဒေသကြီးအတွင်းက ရေဘေး သင့်မြို့နယ်အချို့နှင့်ကမ်းပါးပြိုမှုများ ကြောင့် ဒုက္ခရောက်နေသော ပခုက္ကူ မြို့နယ်အတွင်းမှ ကျေးရွာတချို့ကို သွားရောက်လှူဒါန်းဖို့ အလှူပစ္စည်း များကို လက်ခံရယူခဲ့ကြောင်း သိရ သည်။

ရန်ကုန်အခြေစိုက် ပရဟိတ လူငယ်များအဖွဲ့က ဧရာဝတီတိုင်းဒေ သကြီးကို သွားရောက်လှူဒါန်းပေးပြီး မင်္ဂလာပါ လူငယ်ပရဟိတအသင်း က ပခုက္ကူမြို့နယ်ကိုသွားရောက် လှူဒါန်းဖို့ လုပ်ဆောင်နေကြခြင်းဖြစ် ကြောင်းသိရသည်။

အဆိုပါ နေအိမ်မဲ့ဒုက္ခသည်များ အတွက် ဖိုက်ပလပ်ကတစ်ဆင့် ပူးပေါင်းပါဝင် လှူဒါန်းနိုင်ခဲ့ပြီး ဧရာဝတီဘဏ်နှင့် ကမ္ဘောဇဘဏ် များကတစ်ဆင့် တိုက်ရိုက်လှူဒါန်းမှု များကိုလည်း လုပ်ဆောင်ကြမည်ဖြစ် ကြောင်းသိရသည်။

နေအိမ်မဲ့ ဒုက္ခသည်များအ တွက် ပါဝင်ကူညီလှူဒါန်းလိုသူများ အတွက် ၀၉-၄၂၅၆၆၈၂၂၉၊ ၀၉- ၄၂၅၆၆၇၃၄၄ တို့ကို ဆက်သွယ် လှူဒါန်းနိုင်ကြောင်းသိရသည်။

**အောင်ပိုင်မျိုး**



## 'ယခုနှစ်အတွင်း မြန်မာ့ဆန်တန်ချိန် ငါးသိန်းဝယ်ယူရန် သီရိလင်္ကာနိုင်ငံမှ ကမ်းလှမ်း'

မြန်မာနိုင်ငံမှဆန်တန်ချိန် ငါးသိန်း ဝယ်ယူရန် ယခုနှစ်အတွင်း သီရိ လင်္ကာနိုင်ငံမှ ကမ်းလှမ်းထားကြောင်း နှင့်နှစ်နိုင်ငံအကြား နားလည်မှုစာချွန် လွှာ (MoU) ရေးထိုးပြီး ဆန်တင်ပို့ ရောင်းချနိုင်ရေးအတွက် ဆောင်ရွက် လျက်ရှိကြောင်း မြန်မာနိုင်ငံဆန်စပါး အသင်းချုပ်မှ သိရသည်။

သီရိလင်္ကာနိုင်ငံမှ ယခုနှစ်အ တွက် ဆန်တန်ချိန်ငါးသိန်းဝယ်ယူ ရန် ကမ်းလှမ်းမှုတွင် ပေါင်းဆန်တန် ချိန်နှစ်သိန်းနှင့် ဆန်ဖြူသုံးသိန်းဝယ် ယူရန် ကမ်းလှမ်းထားခြင်းဖြစ် ကြောင်း သိရသည်။ ထို့အပြင် မြန်မာ နိုင်ငံမှဆန်အား ဖိလစ်ပိုင်အမျိုးသား စားနပ်ရိက္ခာအာဏာပိုင်အဖွဲ့ (NFA) က ဝယ်ယူတင်သွင်းနိုင်ရန်အတွက် မြန်မာနိုင်ငံသို့ တင်ဒါဖိတ်ခေါ်ထား ပြီး တင်ဒါအောင်ခဲ့ပါက မြန်မာနိုင်ငံ မှ ဧည့်မထဆန်တန် ၅၀,၀၀၀ ကို လာမည့်အောက်တိုဘာလနှင့် နိုဝင် ဘာလအတွင်းတင်ပို့မည်ဖြစ်ကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ် ရေးဝန်ကြီးဌာနမှ သိရသည်။

လက်ရှိအချိန်တွင် **မြန်မာနိုင်ငံမှ ပြည်ပသို့ ဆန်တင်ပို့မှုအနေဖြင့် အာဖရိကနိုင်ငံများသို့ ၂၅ မှတ် ဆန် တင်ပို့မှုမြင့်မားနေပြီး ဥရောပသမဂ္ဂ နိုင်ငံများသို့လည်း ဆန်တင်ပို့မှုမြင့် တက်လာကြောင်း၊ ထို့ပြင် အာဆီယံ နိုင်ငံများသို့လည်း တင်ပို့နေရကြောင်း** သိရှိရသည်။

**နေရဲ**



## မကွေးမြို့ နှမ်းအထွက်နှုန်းကောင်းသော်လည်း နှမ်းဈေးနှုန်းကျဆင်း

ယခုနှစ်အတွင်း နှမ်းအထွက် ကောင်းသော်လည်း ပေါ်စတွင်နှမ်း ဈေးနှုန်းများကျဆင်းနေကာ ဈေး ကောင်းမရဖြစ်ပြီး တွက်ခြေမကိုက် ကြောင်း မကွေးတိုင်းဒေသကြီး၊ မကွေးမြို့နယ်အတွင်း ကျေးရွာများရှိ နှမ်းစိုက်တောင်သူများထံမှ သိရ သည်။ ယခင်နှစ်က နှမ်းသီးနှံပေါ်စ အချိန်တွင် နှမ်းနက် (စမုန်နက်) တစ် တင်းလျှင် ကျပ် ၅၀,၀၀၀ ဈေးဝန်း ကျင်ရှိခဲ့ပြီး ယခုနှစ် နှမ်းပေါ်စတွင် နှမ်းနက် (စမုန်နက်) တစ်တင်းလျှင် ကျပ် ၃၈,၅၀၀ ဈေးအထိ ကျဆင်း လျက်ရှိကြောင်း သိရသည်။

ယခုနှစ် မိုးနှမ်းပေါ်စတွင် နှမ်း နက် (စမုန်နက်) တစ်တင်းလျှင် ကျပ် ၃၈,၅၀၀၊ နှမ်းဖြူတစ်တင်းလျှင် ကျပ် ၃၃,၀၀၀၊ နှမ်းနီတစ်တင်းလျှင် ကျပ် ၃၀,၀၀၀ ဖြင့် ကောက်ယူနေရကြောင်း၊ ထိုနှမ်းသီးနှံကို ဂျပန်၊ ကိုရီးယား၊ တရုတ်နိုင်ငံတွေက အမှာရှိမှသာ အ များအပြားဝယ်ယူပြီး ဈေးကောင်း ရရှိကြောင်းနှင့် ရန်ကုန်၊ မန္တလေး ဒိုင်ကြီးတွေ၏ အမှာပေါ်မူတည် ပြီး ဈေးအတက်အကျရှိကြောင်း မကွေးမြို့၊ ရန်ပယ်ဈေးရှိ သီးနှံပွဲရုံ ပိုင်ရှင်တစ်ဦး၏ပြောပြချက်အရ သိရသည်။

မြို့ပေါ်ရှိ သီးနှံပွဲရုံများတွင် ယမန်နှစ်ကအထိ သီးနှံစိုက်ပျိုးချိန် တွင် သီးနှံဈေးများကောင်းခဲ့ပြီး တောင်သူများ သီးနှံထွက်ချိန်တွင် သီးနှံဈေးနှုန်းများ လျော့နည်း ကျဆင်းနေသဖြင့် သီးနှံစိုက်ပျိုး သောတောင်သူများ တွက်ခြေမ ကိုက်ဖြစ်ရကြောင်း၊ ပွဲရုံများမှာ လည်း အမှာရှိမှ၊ နိုင်ငံခြားဝယ် လက်ရှိမှသာ သီးနှံဈေးနှုန်းကောင်း နိုင်ကြောင်း သိရှိရသည်။

**အိမ်ကောင်း**



## ပြည်ပသို့အထည်ချုပ်တင်ပို့မှု တိုးမြင့်လာမည်ဟုခန့်မှန်း

**ဝင်းမြင့်ဦး**

အထည်ချုပ်စက်ရုံများ တိုးမြင့်ဖွင့်လှစ်နေခြင်းကြောင့် ယခုနှစ်ပြည်ပသို့ ချုပ်ထည်တင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၃ ဘီလီယံအထိရရှိနိုင်မည်ဟု ခန့်မှန်းထားကြောင်း မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းရှင်များအသင်းမှ သိရ သည်။

ပြည်တွင်းသို့ တရုတ်စီးပွားရေးလုပ်ငန်းရှင်အများစုအပါအဝင် အထည် ချုပ်စက်ရုံတည်ဆောက်ရင်းနှီးမြှုပ်နှံသည့် စီးပွားရေးလုပ်ငန်းရှင်များသည် တစ်လလျှင် စက်ရုံ ၄ ရုံမှ ၆ ရုံအကြားရှိနေသည်။ ယခုနှစ်တွင် အထည်ချုပ် စက်ရုံများ၌ အလုပ်ရှင်၊ အလုပ်သမားကြား ပြဿနာဖြစ်ပွားမှုလျော့နည်းလာ ပြီး အထည်ချုပ်စက်ရုံပိတ်သိမ်းမှုတစ်ခုသာရှိသောကြောင့် ချုပ်ထည်တင်ပို့ မှုမှ ဒေါ်လာ ၃ ဘီလီယံတိုးမြင့်ရရှိရန် မျှော်မှန်းထားကြောင်းသိရသည်။ ၂၀၁၆ ခုနှစ်တွင် ချုပ်ထည်တင်ပို့မှုမှ အမေရိ ကန်ဒေါ်လာ ၂.၂ ဘီလီယံရရှိခဲ့ သည်။

**အထည်ချုပ်စက်ရုံများသို့ အပ်ထည်ရရှိမှုသည် ဥရောပသမဂ္ဂအဖွဲ့ ဝင်နိုင်ငံများ၊ ဂျပန်နှင့်အမေရိကန် နိုင်ငံတို့က အပ်ထည်အမှာများရရှိ နေခြင်းကြောင့် စက်ရုံအချို့လုပ်ငန်း အဆင်ပြေနေကြောင်း**သိရသည်။



## တောင်ဒဂုံစက်မှုဇုန် (၂) တွင် ရင်းနှီးမြှုပ်နှံရန် စိတ်ဝင်စားမှုပိုမိုများပြားလာနိုင်

**ဖူးပွင့်ခက်ဝေ**

ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ်၊ စက်မှုဇုန် (၂) တွင် အများသုံးထရန်စဖော်မာအသစ် ၂ လုံး ထပ်မံတပ်ဆင်လိုက်ပြီး လျှပ်စစ်ဓာတ်အားပိုမိုရရှိလာသည့်အတွက် အဆိုပါစက်မှုဇုန်၌ ရင်းနှီးမြှုပ်နှံမှု့ စိတ်ဝင်စားမှုများ ပိုမိုမြင့်တက်လာနိုင်ကြောင်း ဒဂုံမြို့သစ် (တောင်ပိုင်း)၊ စက်မှုဇုန်အမှတ် (၂) မှ လုပ်ငန်းရှင်များက သုံးသပ်ပြောကြားခဲ့သည်။

ဩဂုတ်လ ၁၃ ရက်နေ့ကပြုလုပ်သော ဒဂုံမြို့သစ် (တောင်ပိုင်း)၊ စက်မှုဇုန်အမှတ် (၂) တွင် ၃၁၅ ကေဗွီအေ ထရန်စဖော်မာ ၂ လုံးနှင့် ပေ ၄,၀၀၀ အရှည်ရှိ ၁၁ ကေဗွီဓာတ်အားလိုင်းကြိုး သွယ်တန်းတပ်ဆင်ပြီးစီးသည့်အခမ်းအနားတွင် လုပ်ငန်းရှင်များက ပြောကြားခဲ့ခြင်းဖြစ်ကြောင်းသိရသည်။

ယခင်က လျှပ်စစ်ဓာတ်အား လုံလုံလောက်လောက် မရခဲ့သည့်အတွက် ရင်းနှီးမြှုပ်နှံဖို့နှင့်လုပ်ငန်းတိုးချဲ့ဖို့ အခက်အခဲဖြစ်နေသော်လည်း လက်ရှိတွင် လုံလောက်သောလျှပ်စစ်ဓာတ်အား ရနေပြီဖြစ်သောကြောင့် ရင်းနှီးမြှုပ်နှံဖို့ စိတ်ဝင်စားမှုပိုမိုများပြားလာနိုင်ကြောင်း လုပ်ငန်းရှင်များကသုံးသပ်ပြောကြားခြင်းဖြစ်သည်။

အဆိုပါ ထရန်စဖော်မာများနှင့်ဓာတ်အားလိုင်းများကို စက်မှုဇုန်မှ လုပ်ငန်းရှင်များ၊ စက်မှုဇုန်စီမံခန့်ခွဲရေးကော်မတီ၊ မြန်မာဂလိုဘယ်လိုက်ကင်းစတားကုမ္ပဏီ၊ ရန်ကုန်မြို့တော်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ်တို့ပူးပေါင်းပြီး တပ်ဆင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ထရန်စဖော်မာအသစ် ၂ လုံး တပ်ဆင်လိုက်နိုင်သောကြောင့် ပါဝါမီတာ ၂၅ လုံးကို ချက်ချင်းချပေးနိုင်မည်ဖြစ်ပြီး ထပ်မံလျှောက်ထားလာသော လုပ်ငန်းရှင်များကိုလည်း ချထားပေးနိုင်မည်ဖြစ်သည်။ ယခုတပ်ဆင်လိုက်သည့် ထရန်စဖော်မာ ၂ လုံး၏တန်ဖိုးမှာ ကျပ်သိန်း ၄၂၀ ရှိပြီး ဓာတ်အားလိုင်းကြိုး၏ တန်ဖိုးမှာ ကျပ်သိန်း ၆၀၀ ကျော်ရှိကြောင်း သိရသည်။

လက်ရှိ ဒဂုံမြို့သစ် (တောင်ပိုင်း)၊ စက်မှုဇုန်အမှတ် (၂) တွင် လုပ်ကိုင်နေသောစက်ရုံ၊ အလုပ်ရုံပေါင်း ၁,၀၀၀ ကျော်ရှိကြောင်းသိရသည်။

## ၄ ကြိမ်မြောက် အစားအသောက်နှင့် အဖျော်ယမကာလုပ်ငန်းများဆိုင်ရာပြပွဲကျင်းပ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့နယ်၊ ဦးဝိစာရလမ်း၊ တပ်မတော်ခန်းမတွင် မြန်မာနိုင်ငံစားသောက်ဆိုင်လုပ်ငန်းရှင်အသင်း MRA မှ ကြီးမှူးကျင်းပသည့် ၄ ကြိမ်မြောက် အစားအသောက်နှင့်အဖျော်ယမကာလုပ်ငန်းများဆိုင်ရာပြသပွဲ (Myanmar Food & Beverage 2017) ကုန်စည်ပြသပွဲနှင့် ဖွင့်ပွဲအခမ်းအနားကို ဩဂုတ် ၁၇ ရက်နေ့၊ နံနက် ၉ နာရီတွင်ကျင်းပရာ UMFCCI ဥက္ကဋ္ဌ ဦးဇော်မင်းဝင်း၊ မြန်မာ့စားသောက်ဆိုင် လုပ်ငန်းရှင်များအသင်း Myanmar Restaurant Association (MRA) ဥက္ကဋ္ဌ ဒေါ်ဝင်းဝင်းတင့်တို့က အခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ပြီး အမှာစကားများအသီးသီးပြောကြား၍ ပြည်တွင်းပြည်ပကုမ္ပဏီများမှ ပြသထားသည့် ပြခန်းပေါင်း ၈၀ ခန့် အားပေးလေ့လာကြည့်ရှုခဲ့သည်။





အဆိုပါ ၄ ကြိမ်မြောက်ပြသပွဲတွင် အစားအသောက်အဖျော်ယမကာလုပ်ငန်းများနှင့် ပတ်သက်၍ ထိုင်း၊ စင်္ကာပူ၊ မလေးရှား၊ တရုတ်၊ ဂျပန်၊ ထိုင်ဝမ်တို့မှ ပူးပေါင်းပါဝင်ပြသထားပြီး အထူးသဖြင့် Hotel ၊ စားသောက်ဆိုင်၊ Shopping Mall များအတွက် စားသောက်ကုန်ပစ္စည်းများ၊ စားသောက်ကုန်အဖျော်ယမကာများရောင်းချထုတ်လုပ်နိုင်ရန်၊ လုပ်ငန်းဆောင်တာများဆောင်ရွက်နိုင်ရန် အဆင့်မြင့်နည်းပညာမြင့် စက်ကိရိယာများပြသထားသည်။ ပြပွဲကို ဩဂုတ်လ ၁၇ ရက်နေ့မှ ၁၉ ရက်နေ့အထိ ၃ ရက် ပြသခဲ့ပြီး MRA အသင်းမှ မိနစ် ၂၀ အတွင်း ထမင်းချိုင့်ပြင်ဆင်ထည့်ပေးခြင်း ပြိုင်ပွဲတစ်ရပ်ကိုပါ ထည့်သွင်းကျင်းပခဲ့ကြောင်းသိရသည်။

**သန်းဦးလှိုင်**

## ‘ငါးလင်ပန်းနှင့်ငါးရှဉ့်ကို ဂျပန်နိုင်ငံနှင့်ဗီယက်နမ်နိုင်ငံအကူအညီဖြင့် စမ်းသပ်မွေးမြူမည်’

ပြည်တွင်း၌ မွေးမြူရာတွင် မအောင်မြင်သေးသည့် ငါးလင်ပန်းနှင့်ငါးရှဉ့်တို့ကို ဂျပန်နှင့်ဗီယက်နမ်နှစ်နိုင်ငံတို့၏ နည်းပညာအကူအညီဖြင့် စမ်းသပ်မွေးမြူမည်ဖြစ်ကြောင်း ဇူလိုင်လက မြန်မာနိုင်ငံငါးရှဉ့်လုပ်ငန်းအသင်း မျက်နှာစုံညီဆွေးနွေးပွဲမှ သိရသည်။

ဂျပန်၊ ဗီယက်နမ်နိုင်ငံများမှ သားဖောက်နည်း၊ အထီး/အမခွဲခြားနည်း၊ အစာကျွေးနည်းတို့အပြင် ခေတ်မီနည်းစနစ်များဖြင့် စမ်းသပ်မွေးမြူ၍အောင်မြင်ပါက ဆက်လက်မွေးမြူမည်ဟုဆိုသည်။ အထီး/အမခွဲခြားမှုနှင့် ဖောက်ပုံဖောက်နည်းသိရပြီးနောက် ဗီယက်နမ်နိုင်ငံအကူအညီဖြင့် ငါးရှဉ့်ကိုစမ်းသပ်မွေးမည်ဖြစ်ပြီး ငါးလင်ပန်းစမ်းသပ်မွေးမှုမှာ ဂျပန်နည်းပညာဖြင့် သုတေသနပြုလုပ်ရာ၌ အောင်မြင်သည်နှင့် စီးပွားဖြစ် စတင်မွေးမည်ဖြစ်ကြောင်း မြန်မာနိုင်ငံငါးရှဉ့် လုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌဒေါ်တိုးနန္ဒာတင်က ပြောသည်။



ပြည်ပသို့ ငါးရှဉ့်နှင့်ငါးလင်ပန်း တင်ပို့မှုသည် ပြီးခဲ့သည့်နှစ်က တန် ၁၂,၀၀၀ ခန့် တင်ပို့နိုင်သော်လည်း ယခုနောက်ပိုင်းတွင် တန် ၇,၀၀၀ ခန့်သာ တင်ပို့နိုင်ကြောင်းသိရကာ ယင်းသို့လျော့နည်းသွားခြင်းသည် ငါးရှဉ့်နှင့်ငါးလင်ပန်းမွေးမြူရာ၌ နည်းလမ်းမမှန်ကန်သဖြင့် သေဆုံးမှုများဖြစ်ပေါ်ကာ အရှုံးပေါ်ခြင်းဖြစ်ခဲ့ရသည်။ သဘာဝအတိုင်းဖမ်းဆီးရာ၌ ငါးရှဉ့်အကောင်သေးများသာ ဖမ်းဆီးတင်ပို့နေရ၍ ဈေးကောင်းမရကြောင်း ငါးရှဉ့်လုပ်ငန်းရှင်များထံမှ သိရသည်။

**မြို့သားလေး**

**စာမျက်နှာ ၂၁ မှ-**

**ခြွေလျှော့ခြင်း၊ အခြောက်ခံခြင်းစတဲ့ လုပ်ငန်းတွေမှာ ခေတ်မီစက်ကိရိယာအသုံးပြုမှုများ အရှိန်အဟုန်နဲ့တိုးမြှင့်ဆောင်ရွက်လာသလို ဆန်စပါးကြိတ်ခွဲထုတ်လုပ်ရေးကဏ္ဍ ဆန်စက်များအပိုင်းမှာလည်း ဆန်စက်အရေအတွက် တိုးတက်လာနေကြောင်း၊ အဆင့်မြင့်လာတဲ့ ဆန်စက်တွေကို ထိန်းကျောင်းမောင်းနှင်ကိုင်တွယ်ဖို့၊ ပြင်ဆင်ထိန်းသိမ်းဖို့နှင့် ကြာရှည်သိုလှောင်နိုင်ရန်၊ အလေအလွင့်အနည်းဆုံးနှင့် ပတ်ဝန်းကျင်မပျက်စီးစေရန်စတဲ့ နည်းပညာဆိုင်ရာ ကျွမ်းကျင်ဝန်ထမ်းလိုအပ်ချက်ကို အထောက်အပံ့ဖြစ်စေရန် ဤသင်တန်းကို ဖွင့်လှစ်ရခြင်းဖြစ်ကြောင်း’** အမှာစကားတွင် ထည့်သွင်းပြောကြားခဲ့သည်။

အဆိုပါသင်တန်း၏ စာတွေ့သင်ခန်းစာများကို အမှတ် (၁) စက်မှုသင်တန်းကျောင်း (ဆင်တဲ) တွင် စက်တင်ဘာလ ၄ ရက်နေ့မှ နိုဝင်ဘာလ ၅ ရက်နေ့အထိ ဖွင့်လှစ်သွားမည်ဖြစ်ပြီး လက်တွေ့သင်ခန်းစာများကို ရန်ကုန်၊ ကျိုက်လတ်၊ နေပြည်တော်မြို့များရှိ ဆန်စက်ကြီးများတွင် နိုဝင်ဘာလ ၆ ရက်နေ့မှ ၃၀ ရက်နေ့အထိ သွားရောက်သင်ယူရမည်ဖြစ်ကြောင်း သိရှိရသည်။

သင်တန်းကာလမှာ စုစုပေါင်း ၃ လခန့်ဖြစ်ပြီး သင်တန်းသား/ သင်တန်းသူစုစုပေါင်း ၃၈ ဦးကို သင်ကြားပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

စက်မှုအလင်းဂျာနယ်တွင် သတင်းနှင့်ကြော်ငြာများအား
၀၆၇-၄၀၅၀၅၇၊ ၀၆၇-၄၀၅၄၂၉၊ ၀၁-၂၅၀၆၅၁ သို့
ဆက်သွယ်ထည့်သွင်းနိုင်ပါသည်။

စက်မှုအလင်းဂျာနယ်
Beacon of Industry Journal

## စက်မှုပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စက်မှုဝန်ကြီးဌာန၊ စက်မှုပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန၏ စွမ်းအင်အကျိုးရှိစွာ သုံးစွဲရေးလုပ်ငန်းများတွင်အသုံးပြုမည့် Energy Efficiency နှင့် Renewable Energy တိုင်းတာရေးပစ္စည်းကိရိယာများကို **မြန်မာကျပ်ငွေဖြင့်** ဝယ်ယူလိုပါသည်။

တင်ဒါပုံစံများ စတင်ရောင်းချမည့်ရက် - ၄. ၉. ၂၀၁၇ ရက်

တင်ဒါပိတ်မည့်ရက်နှင့်အချိန် - ၂၉. ၉. ၂၀၁၇ ရက်၊ (၁၆း၀၀) နာရီ

၂။ တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်များအား အောက်ဖော်ပြပါလိပ်စာတွင် ရုံးချိန်အတွင်း လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

**စွမ်းအင်ခြိုးခြံချွေတာရေးဌာန၊ စက်မှုပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန**
**ရုံးအမှတ် (၃၀) စက်မှုဝန်ကြီးဌာန၊ နေပြည်တော်။ ဖုန်း-၀၆၇-၄၀၅၁၅၇**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်အတွက် မြန်မာ့ဆေးဝါးလုပ်ငန်းမှ ဆေးဝါးစက်ရုံ (အင်းစိန်) အတွက် ဆေးဝါးကုန်ကြမ်း (၁) မျိုးဖြစ်သော Methadone Hydrochloride BP (620) Kg အား နိုင်ငံခြားငွေဖြင့် အိတ်ဖွင့်တင်ဒါများပေးသွင်းနိုင်ပါသည်။

၂။ ဈေးနှုန်းတင်သွင်းလွှာပုံစံများ စတင်ရောင်းချမည့်ရက် - ၁၀. ၈. ၂၀၁၇

တင်ဒါပိတ်မည့်ရက်နှင့်အချိန် - ၈. ၉. ၂၀၁၇၊ မွန်းလွဲ (၁၆း၀၀) နာရီ

၃။ တင်ဒါပုံစံနှင့် တင်ဒါစည်းကမ်းအသေးစိတ်အချက်အလက်များကို အောက်ပါဌာနတွင် စုံစမ်းမေးမြန်းနိုင်ပါသည်။

**မြန်မာ့ဆေးဝါးလုပ်ငန်း (ရုံးချုပ်)၊**
**ရုံးအမှတ် (၃၇) စက်မှုဝန်ကြီးဌာန၊**
**နေပြည်တော်။ ဖုန်း-၀၆၇-၄၀၈၂၇၆**

## စက်မှုပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စက်မှုဝန်ကြီးဌာန၊ စက်မှုပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန၏ ဓာတ်ခွဲခန်းတွင် အသုံးပြုမည့် Laboratory Equipment (၅) မျိုးအား **မြန်မာကျပ်ငွေဖြင့်** ဝယ်ယူလိုပါသည်။

တင်ဒါပုံစံများစတင်ရောင်းချမည့်ရက် - ၄-၉-၂၀၁၇ ရက်

တင်ဒါပိတ်မည့်ရက်နှင့်အချိန် - ၂၉-၉-၂၀၁၇ ရက်၊ (၁၆း၀၀) နာရီ

၂။ တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်များအား အောက်ဖော်ပြပါလိပ်စာတွင် ရုံးချိန်အတွင်းလာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

**စာချုပ်စာတမ်းများစိစစ်ရေးဌာန၊ စက်မှုပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန၊**
**စက်မှုဝန်ကြီးဌာန၊ ရုံးအမှတ် (၃၀)၊ နေပြည်တော်။**
**ဖုန်း ၀၆၇-၄၀၅၃၃၆**

## လုပ်ငန်းဆောင်ရွက်ရန် စိတ်ဝင်စားသည့်ကုမ္ပဏီ/အဖွဲ့အစည်းများအား ဖိတ်ခေါ်ခြင်း

၁။ အမှတ် (၁) အကြီးစားစက်မှုလုပ်ငန်း၊ အမှတ် (၁) သံမဏိစက်ရုံ (မြင်းခြံ) သို့ ပြည်ထောင်စုဝန်ကြီးဌာနများ၊ အဖွဲ့အစည်းများမှ သံရည်ကျိုအပ်နှံမည့်မော်တော်ယာဉ်/ယန္တရား/မော်တော်ဆိုင်ကယ်များအား ဖြတ်တောက်/ သယ်ယူပို့ဆောင်ပေးနိုင်သော လုပ်ငန်းအတွက် စိတ်ပါဝင်စားသည့်ကုမ္ပဏီများ/အဖွဲ့များကို ဖိတ်ခေါ်ဆောင်ရွက်လိုပါသည်-

၂။ အဆိုပြုလွှာပုံစံ စတင်ထုတ်ယူရမည့်ရက် - ၂၃. ၈. ၂၀၁၇ ရက်

အဆိုပြုလွှာပိတ်မည့်ရက်နှင့်အချိန် - ၇. ၉. ၂၀၁၇ ရက်၊မွန်းလွဲ (၁၆း၀၀) နာရီ

၃။ အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် ရုံးချိန်အတွင်း လာရောက်စုံစမ်းထုတ်ယူနိုင်ပါသည်။

**အုပ်ချုပ်ရေးဌာန၊ အမှတ် (၁) အကြီးစားစက်မှုလုပ်ငန်း**
**ရုံးအမှတ် (၃၀) စက်မှုဝန်ကြီးဌာန၊ နေပြည်တော်။**
**ဖုန်း-၀၆၇-၄၀၅၄၁၄၊ ၀၆၇-၄၀၅၄၅၁/၄၀၅၃**

## မြန်မာ့ဆေးဝါးလုပ်ငန်း

## သွားတိုက်ဆေး Tube (280 gm) (၂၀၀,၀၀၀) ခုနှင့် ကုန်ကြမ်းပစ္စည်း (၁၂) မျိုး အဝယ်တင်ဒါ

၁။ ဝယ်ယူမည့်ပစ္စည်းအမည်နှင့်အရေအတွက်

| | ပစ္စည်းအမည် | အရေအတွက် |
|---|---|---|
| (က) | Tube (280 gm) | ၂၀၀,၀၀၀ ခု |
| (ခ) | Dental Type Silica (for Abrasive) | ၅,၁၅၀ ကီလို |
| (ဂ) | Dental Type Silica (for Thickener) | ၂,၇၈၀ ကီလို |
| (ဃ) | Sodium Fluoride | ၁၇၅ ကီလို |
| (င) | Sorbitol 70% (Non Crystalline Grade) | ၃၅,၂၅၀ ကီလို |
| (စ) | Saccharin Sodium | ၁၇၅ ကီလို |
| (ဆ) | Sodium Benzoate | ၁၂၅ ကီလို |
| (ဇ) | Sodium Lauryl Sulfate | ၁,၅၅၀ ကီလို |
| (ဈ) | Glycerin | ၆,၈၀၀ ကီလို |
| (ည) | Polyethylene Glycol (600) | ၁,၂၅၀ ကီလို |
| (ဋ) | Xanthan Gum | ၄၀၀ ကီလို |
| (ဌ) | Optamint ® Strawberry mint Flavour (Symrise) | ၆၁၆ ကီလို |
| (ဍ) | Colour D & C Red No-33 (CI-17200) | ၂၅ ကီလို |

၂။ တင်ဒါပိတ်ရက်နှင့်အချိန် - (၂၂. ၉. ၂၀၁၇) မွန်းလွဲ (၄း၀၀) နာရီ

၃။ ပစ္စည်းပေးသွင်းရမည့်စက်ရုံ - ဆေးဝါးစက်ရုံ (အင်းစိန်-BPI)

၄။ တင်ဒါပေးသွင်းရမည့်နေရာ - ဥက္ကဋ္ဌ၊ တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ
ရုံးအမှတ် (၃၇) စက်မှုဝန်ကြီးဌာန
နေပြည်တော်။

၅။ တင်ဒါပုံစံနှင့်တင်ဒါစည်းကမ်းအသေးစိတ်အချက်အလက်များကို အောက်ဖော်ပြပါဌာနတွင် စုံစမ်းမေးမြန်းနိုင်ပါသည်-

**မြန်မာ့ဆေးဝါးလုပ်ငန်း (ရုံးချုပ်)၊**
**ရုံးအမှတ် (၃၇) စက်မှုဝန်ကြီးဌာန၊**
**နေပြည်တော်။ ဖုန်း-၀၆၇-၄၀၈၃၈၈**

## မြန်မာ့ဆေးဝါးလုပ်ငန်း

## Secondary Container Printed (205 x 155 x 230) mm အဝယ်တင်ဒါ

၁။ ဝယ်ယူမည့်ပစ္စည်းအမည်နှင့်အရေအတွက်

| | ပစ္စည်းအမည် | အရေအတွက် |
|---|---|---|
| | **Secondary Container Printed (205 x 155 x 230) mm** | |
| (က) | 3ml Syringe Secondary Container | ၈၈,၀၀၀ ခု |
| (ခ) | 5ml Syringe Secondary Container | ၅၆,၀၀၀ ခု |
| (ဂ) | 20ml Syringe Secondary Container | ၃၂,၀၀၀ ခု |
| | စုစုပေါင်း | ၁၇၆,၀၀၀ ခု |

၂။ တင်ဒါပိတ်ရက်နှင့်အချိန် - (၁၁. ၉. ၂၀၁၇) မွန်းလွဲ (၄း၀၀) နာရီ

၃။ ပစ္စည်းပေးသွင်းရမည့်စက်ရုံ - ဆေးဝါးစက်ရုံ (အင်ရောင်း)

၄။ တင်ဒါပေးသွင်းရမည့်နေရာ - ဥက္ကဋ္ဌ၊ တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ၊
ရုံးအမှတ် (၃၇) စက်မှုဝန်ကြီးဌာန၊
နေပြည်တော်။

တင်ဒါပုံစံနှင့်တင်ဒါစည်းကမ်းအသေးစိတ် အချက်အလက်များကို အောက်ဖော်ပြပါဌာနတွင် စုံစမ်းမေးမြန်းနိုင်ပါသည်-

**မြန်မာ့ဆေးဝါးလုပ်ငန်း၊**
**ရုံးအမှတ် (၃၇) စက်မှုဝန်ကြီးဌာန**
**နေပြည်တော်။ ဖုန်း-၀၆၇-၄၀၈၃၈၈**

# ဆန်စပါးကြိတ်ခွဲထုတ်လုပ်ရေး နည်းပညာဆိုင်ရာကျွမ်းကျင်မှုသင်တန်းဖွင့်လှစ်






စပါးသီးနှံသည် မြန်မာနိုင်ငံ၏ အဓိကစိုက်ပျိုးသီးနှံဖြစ်ပြီး ပြည်တွင်း စားသုံးမှုသာမက ပြည်ပသို့ပါတင်ပို့ ရောင်းချ နိုင်ငံခြားငွေရှာဖွေပေးနေသော သီးနှံဖြစ်သည်။

အာဟာရဓာတ်ပြည့်ဝ၍ အရည်အသွေး ကောင်းမွန်သည့် ဆန်စပါးများ ကြိတ်ခွဲထုတ်လုပ်နိုင်မှုသည် ပြည်တွင်းစားသုံးသူများ၏ ကျန်းမာသန်စွမ်းမှုကို အထောက်အကူဖြစ်စေသည့်အပြင် ပြည်ပဈေးကွက်တွင်လည်း မျက်နှာပန်းလှဈေးကောင်းရ၍ နိုင်ငံခြားဝင်ငွေတိုးမြှင့်ဖြည့်ဆည်းပေးနိုင်မည်ဖြစ်သည်။

မြန်မာနိုင်ငံ ဆန်စပါးကြိတ်ခွဲထုတ်လုပ်သည့်လုပ်ငန်းကဏ္ဍတွင် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးစေရေးအတွက် စက်မှုဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်တို့ ပူးပေါင်း၍ ဆန်စပါးကြိတ်ခွဲထုတ်လုပ်ရေးနည်းပညာဆိုင်ရာ ကျွမ်းကျင်မှုသင်တန်းကို ဩဂုတ်လ ၃၀ ရက်နေ့တွင် ဖွင့်လှစ်ခဲ့သည်။

အဆိုပါသင်တန်းဖွင့်ပွဲအခမ်းအနားကို နေပြည်တော်၊ မယ်ဇလီကုန်းရွာရှိ မြန်မာနိုင်ငံလယ်ယာစီးပွားရေးအများပိုင်ကော်ပိုရေးရှင်းလီမိတက် (MAPCO) ဆန်စက်တွင် ပြုလုပ်ခဲ့ရာ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချို၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူး၊ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ် ဥက္ကဋ္ဌ ဦးချစ်ခိုင်နှင့်တာဝန်ရှိသူများ၊ စက်မှုပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ၊ သင်တန်းသား/သင်တန်းသူများ တက်ရောက်ခဲ့ပြီး စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချိုက အဖွင့်အမှာစကားပြောကြားခဲ့သည်။ ပြည်ထောင်စုဝန်ကြီးက **'စိုက်ပျိုးရေးကဏ္ဍက ကျေးလက်နေပြည်သူများရဲ့အဓိကစီးပွားရေးလုပ်ငန်းစဉ်တစ်ရပ်ဖြစ်ပြီး နိုင်ငံတော်ရဲ့ GDP ကဏ္ဍမှာ (၂၀. ၁) ရာခိုင်နှုန်းအထိ ပါဝင်လျက်ရှိကြောင်း၊ လယ်ယာလုပ်သားရှားပါးမှု၊ ကျွမ်းကျင်လုပ်သားရှားပါးမှုစသည်တို့ကြောင့် စက်မှုစွမ်းအားကို အချိန်အခါအခြေအနေတို့အရ တိုးမြှင့်ဆောင်ရွက်မှသာလျှင် စိုက်ပျိုးရေးကဏ္ဍတစ်ရပ်လုံး တိုးတက်လာမှာဖြစ်ကြောင်း၊ လယ်ယာကဏ္ဍတွင် စိုက်ပျိုးခြင်း၊ ရိတ်သိမ်း**


**စာမျက်နှာ ၁၉ သို့-**






CAPITAL AUTOMOTIVE

YANGON SHOWROOM:
No. (3), Ward (12), Insein Main Road, Hlaing Township, Yangon, Myanmar. Ph : +95(0)1 521-959

MANDALAY SHOWROOM:
No. (55), Corner of 78th Street & 10th Street of Kywe Sel Kan, Pyi Gyi Tagon Township, Mandalay. Ph : +95(0)2 56014-18

Ford-Myanmar.com I sales@ford-myanmar.com

Go Further

# Golden Pollen TRADING CO.,LTD

ရေယာဉ်သုံးအင်ဂျင်နှင့်ဂီယာဘောက်စ်များကို
ဈေးနှုန်းချိုသာစွာဖြင့်တင်သွင်းရောင်းချပေးနေပါသည်။

ADVANCE
အမှတ်တံဆိပ်ဂီယာဘောက်စ်များ



MB170 MARINE GEARBOX | 135A MARINE GEARBOX | D300A MARINE GEARBOX | HTC400A/1 MARINE GEARBOX | HCT600A MARINE GEARBOX | HCT400A MARINE GEARBOX | HCT600A/1 MARINE GEARBOX




ပြောက်ပိုင်းနဂါးရောင်းဝယ်ရေးကုမ္ပဏီလီမိတက်မှဖြန့်ချိသော
VD ဟိုင်ပေါ့ ကွန်ပေါင်းဓါတ်မြေဩဇာ



**No. 112, Banmaw Atwin Wun Street, Shwe Pyi Thar Industrial Zone 2**
**Shwe Pyi Thar Township, Yangon, Myanmar.**
**Tel : 01- 618021,618022,618346,720229**
**Fax : 01-618060**
**E-mail : goldenpollen@myanmar.com.mm**

NPK 10:7:8 NPK 12:13:0

ရန်ကုန်
အမှတ် (၁၁၂)၊ ဗန်းမော်အတွင်းဝန်လမ်း၊
ရွှေပြည်သာစက်မှုဇုန် (၂)၊ ရွှေပြည်သာမြို့နယ်။
ဖုန်း ၀၁ - ၆၁၈၀၂၂၊ ၆၁၈၃၄၇၊ ၇၂၀၂၂၉
ဖက်စ် ၀၁ - ၆၁၈၀၆၀
မန္တလေး
အမှတ် ( -၁၀၅) စက်မှုဇုန် (၁)၊
ကနောင်မင်းသားကြီး နှင့် ၇၆လမ်း၊ ပြည်ကြီးတံခွန်မြို့နယ်။
ဖုန်း ၀၂ - ၅၄၆၆၉၊ ၅၂၂၆၇

## GREEN PARTNER ENVIRONMENT (MYANMAR) (GPEM) CO.,LTD

Green Partner Environment (Myanmar) (GPEM) Co.,Ltd • YANGON •

# GPEM




- ✓ Logistic (Installation) / Machinery Installation
- ✓ Crane and Forklift Rental
- ✓ Heavy Equipment Rental
- ✓ M & E Engineering & Construction
- ✓ Production (Sand, Stone and Brick)
- ✓ Plantation

Address : No.15/147, Taw Win Street, VIP Housing,
Shwe Pyi Thar Township, Yangon, Myanmar.
Tel : +95-9-455455337, +95-9-455455338
Email Address : gpemco.ltd@gmail.com
Facebook Page : www.facebook.com/gpemco




**AUNG GYI GROUP OF COMPANIES.**

No. 153, Maung Than Road, Shwe Lin Ban Industrial City, Hlaing Thar Yar Township, Yangon, Myanmar.
Ph: 951- 613 621, 617 101, 617 095 Fax: 951- 613 629
E-mail: koaungyi@aungyigroup.com Website: www.aungyigroup.com

**SPP-SUMMIT PACKAGING PLASTIC**

BOPP special transparent garment poly bag

**BOPP** ပလပ်စတစ်ကပ်ခွါအိတ် အမျိုးမျိုး ထုတ်လုပ်ဖြန့်ချိရေး
အင်္ကျီအိတ်၊ပုဆိုးအိတ်၊ရှိုးရှိုးအိတ်၊ကပ်ခွာအိတ်၊CD,DVD အိတ်၊
မုန့်အိတ် အမျိုးမျိုးတို့ကို Plain (သို့မဟုတ်) ကိုယ်ပိုင် Logo များဖြင့်
ရိုက်နှိပ်၍ စိတ်တိုင်းကျ မှာယူနိုင်ပါသည်။



Factory : No.539,Bo Aung Kyaw Road,Industrial Zone (5),
Hlaing Thar Yar Tsp,Yangon Division,Myanmar.
Phone : 09-420139123,09-254308455,09-443136989,
09-401604466.
E-mail : summitpackagingplastic@gmail.com
: zinzin2883@gmail.com

**JOYFUL CO., LTD.**

အိမ်တွင်းအလှဆင်ပစ္စည်းအမျိုးမျိုး ထုတ်လုပ်ဖြန့်ချိရေး

PVC Materials




**New UPVC Windows**



Aluminium Fabric Sunshade & ထီးအမျိုးမျိုး

Yangon (Factory & Office) : No.145, Bo Aung Kyaw Street, Shwe Than Lwin Industrial Zone, Hlaing Tharyar Township, Yangon, Myanmar.
Tel: 01-685126,01-685359,09-4217 44368, 09-4217 44369
Fax: 01-685359
Mandalay (Show Room) : No.251,84 St,Between 33 & 34st,Mandalay.
Tel: 02-64930,09-402537471,09-30263070

Registered Trademarks

Member of Decoland Group

ရန်ကုန်ဝူလင်းဒီဇယ်အင်ဂျင်ကုမ္ပဏီလီမိတက်

Yangon Wuling Diesel Engine Company Limited

GBS

ညီနောင်တို့အတွက် ဂျီဘီအက်(စ်)

HsinTienLi









ရန်ကုန်ဝူလင်းဒီဇယ်အင်ဂျင်ကုမ္ပဏီသည် မြန်မာနိုင်ငံရှိ လယ်ယာစိုက်ပျိုးရေးအတွက် ကောင်းမွန်သော ဂုဏ်ဆောင်မှုနှင့် အရည်အသွေးတောင့်တင်းခိုင်မာသည့် စက်ပစ္စည်းများကို ထုတ်ပေးသည့်ရည်ရွယ်ချက်ဖြင့် ရောက်ရှိခဲ့ခြင်းဖြစ်ပါသည်။ ယခုလက်ရှိ ထုတ်နေသည့် အဓိကထုတ်ကုန်ပစ္စည်းမှာ ပုဇဉ်းခေါင်းနောက်ရုန်း သယ်ယူပို့ဆောင်ရေးယာဉ် (မော်ဒယ်အမျိုးမျိုး) နှင့် ရေယက်သံဘီး၊ လက်ကိုင်းထွန်စက် ၊ ထွေလာပုံး၊ ထွန်စက်နောက်တွဲထွေလာ ၊ တစ်လုံးထိုးအင်ဂျင်စသည့်ဖြင့် လယ်ယာသုံးပစ္စည်းနှင့် ဆက်စပ်သည့် ပစ္စည်းများ အားလုံးပါဝင်ပါသည်။

TEL : 09-778105368,09-457186088, 09-422744580,09-451386272

ADD:။အမှတ်(၂)လမ်းမကြီးဘေး၊စီးပွားရေးတက္ကသိုလ်အနီး၊(၁၅၃)ရပ်ကွက်၊ဒဂုံမြို့သစ်တောင်ပိုင်း၊ရန်ကုန်။